မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၆၇)၊ အမှတ် (၁၁၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းငယ်များကို အားပေး

အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းငယ်များကို ပြုစုပျိုးထောင် အားပေးရမည်ဖြစ်သကဲ့သို့ နည်းလမ်းမျိုးစုံ ရှာဖွေပြီး စနစ်တကျနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများကပါ ဝိုင်းဝန်းအားပေးလိုက်မည်ဆိုလျှင် စက်မှုကဏ္ဍထုတ်လုပ်မှုသည် သိသိသာသာ တိုးတက်လာမည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေး (၁/၂၀၀၈)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လယ်ယာကဏ္ဍအခြေပြုထုတ်ကုန်များ စက်မှုကဏ္ဍနှင့်ပေါင်းစပ် တန်ဖိုးမြင့်စားသောက်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချ

ပြည်တွင်းသယံဇာတအခြေခံသည့် သွင်းကုန်အစားထိုး စက်မှုထုတ်ကုန်သာမက ပြည်ပဈေးကွက်ထိုးဖောက်နိုင်စွမ်းရှိသည့်ပို့ကုန်များ ထုတ်လုပ်နိုင်ရန်ကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၂၆

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစည်းအဝေး (၁/၂၀၀၈)ကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်)

ဒေသအားလုံး မျှတစွာဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ ထိထိမိမိအသုံးချ

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက် ရှိသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ရရှိရန် ကြိုးပမ်းတည်ဆောက်ခဲ့သည်။ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှုရှိလာသဖြင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည့်ဒေသများ လျင်မြန်စွာတိုးတက်လာရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ဆက်သွယ်ရေး စသည့် အခြေခံအဆောက်အအုံများကို ဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်၏ မွန်မြတ်သည့် စိတ်ရင်းစေတနာမှန်ကြောင့် တိုင်းရင်းသားချင်း ရင်းနှီးချစ်ကြည်စည်းလုံးမှု ပိုမိုဖြစ်ထွန်းလာသည့်အပြင် နယ်စပ်ဒေသများ အေးချမ်းတည်ငြိမ်လာသည်။ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ဆောင်နိုင်ခဲ့သဖြင့် ယခုအခါ တိုင်းရင်းသားပြည်သူများ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ ရရှိခံစားနေကြရပြီ ဖြစ်သည်။

ပူတာအိုဒေသသည် တောတောင်များထူထပ်သဖြင့် လမ်းဖောက်လုပ်ရန် ခက်ခဲသော်လည်း နိုင်ငံတော်က နည်းလမ်းမျိုးစုံသုံးပြီး လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး အလေးထားကြိုးပမ်းခဲ့သည်။ ထို့အပြင် သဘာဝသယံဇာတများ ပေါများကြွယ်ဝပြီး မြစ်ချောင်းများများစွာရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် ရေအားလျှပ်စစ်ထုတ်ယူမှု လုပ်ငန်းအတွက် အထောက်အကူပြုလျက် ရှိသည်။

နိုင်ငံတစ်ဝန်း၌ ဖြစ်တည်လျက်ရှိသည့် သဘာဝအခြေခံကောင်းများကို လက်တွေ့ ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည် ဖြစ်သည်။

နိုင်ငံတော်က နယ်မြေဒေသအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် စဉ်ဆက်မပြတ် ချမှတ်ဖော်ဆောင်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများအနေဖြင့် အခြေခံကောင်းများကို ထိထိမိမိ အသုံးချပြီး ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ဧရာဝတီတိုင်း မအူပင်မြို့နယ်(၃)ရပ်ကွက် ၃ လမ်း အမှတ် ၁ နေ ဦးခွေးအားရည်စူး၍ ဒေါ်ခင်ကြည်မိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင်ဦးမောင်လှိုင်၊ ဦးသိန်းထွန်းနှင့် ဦးအေးမြင့်တို့က လက်ခံယူကြသည်။ **(အောက်ပုံ)**

အလှူရှင်များ စေတီဂေါပကရုံး ဖုန်း-၆၆၀၀၀၆ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၂၇-၁-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အတိတ်ရဲ့သံစဉ်**
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၁။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆း၄၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၆၆)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	FA Cup-2008 ဘောလုံးပွဲအစီအစဉ် Sheffield Vs Manchester City (Live)

ပြန်/ဆက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်တိုင်းအတွင်းရှိတိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူးရုံးခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိတိုင်း၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများအား တွေ့ဆုံ၍ ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနလုပ်ငန်းများ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော ကျေးလက်စာကြည့်တိုက်များက ပြည်သူများအား အသိပညာတိုးပွားလာရေးအတွက် စာဖတ်ချင်လာအောင် စည်းရုံး ဆောင်ရွက်ရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်များ၏အား၊ လူမှုရေးအသင်းအဖွဲ့များ၏အား၊ စေတနာရှင် ပြည်သူများနှင့် ဒေသခံပြည်သူများ၏အား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ ကြိုးပမ်းမှုအားစသော အား(၄)ပါးဖြင့် ဆောင်ရွက်ရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိဘနှစ်ပါးနှင့် မောင်ဖြစ်သူအား ရည်စူး၍ ရန်ကုန်တိုင်း သာကေတမြို့နယ်(၈)ရပ်ကွက် ရွှေအုတ်ဂူ(၄)လမ်း အမှတ်(၇၀၅)နေ ဒေါ်ကျင်မြင့်နှင့်တူ၊ တူမများက ဒဂုံမြို့နယ် အမှတ် ၁၆ စ ကား ဝါ လမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို တိပိဋကကျောင်း အနုနာယက ဆရာတော် ဦးနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပတ္တမြားဆရာတော်ကြီးမွေးနေ့ပူဇော်ပွဲ နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၁၀၈တောင်ဘုရားဝင်းအတွင်းရှိ ဟသ်ာတအတွင်း ပတ္တမြားစာသင်တိုက်ခွဲ ပဓာနနာယက ပတ္တမြားဆရာတော်ကြီး၏ သက်တော်(၇၅)နှစ်ပြည့် ဝိဇာတဒိသဝ စိန်ရတုမွေးနေ့ပူဇော်ပွဲမင်္ဂလာကို ဇန်နဝါရီ ၃၀ရက် (ပြာသိုလပြည့်ကျော် ၈ရက်)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အကြိုပူဇော်ပွဲအဖြစ် ၂၇ရက်တွင် မေတ္တာရှင် အရှင်ဇဝန(ရွှေပြည်သာ)က လည်းကောင်း၊ ၂၈ရက်တွင် တက္ကသီလ အရှင်ဝိသုတ (ရွှေကျွန်းမြေ)က လည်းကောင်း၊ ၂၉ ရက်တွင် အရှင်ပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)က လည်းကောင်း ညစဉ် ၈နာရီမှ စတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ထီလာအရှင်သာသန ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်း တာမွေမြို့နယ် မင်္ဂလာဇေယျုံစာသင်တိုက်၌ သီတင်းသုံးလျက်ရှိသော ထီလာအရှင်သာသနသည် မိတ္ထီလာမြို့ သာသနာ့ဗိမာန်၌ ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်ညများ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် အထူး ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် ဓမ္မာရုံကြီးတွင် (၇၁)ကြိမ်မြောက် အထူးတရားစခန်းပွဲကြီးကို အလှူဒါယကာ ဦးကျော်ဝင်း-အလှူဒါယိကာမ ဒေါ်ဘေဘီဝင်းမိသားစုတို့က မတည်၍ အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယ (မူလဓမ္မာစရိယ)ကျေးဇူးရှင်ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ဓမ္မာနုပဿနာ မဟာသတိပဋ္ဌာန်တရားတော်များကို ဆရာကြီး၏တပည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာဦးသိန်းဆွေ(ဓနုဖြူ)နှင့် တရားဟော ဓမ္မကထိကများဖြစ်ကြသော နာယကဦးထွန်းလွင်၊ ဆရာဦးမြင့်သန်းနှင့် ဆရာဦးသန်းဝေတို့က ဖေဖော်ဝါရီ ၉ရက်မှ ၁၅ရက်အထိ ခုနစ်ရက်တိုင်တိုင် တရားဟောကြား ပြသပေးမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူယောဂီများသည် ဖေဖော်ဝါရီ၈ရက် ညနေ ၅ နာရီ အရောက်ဝင်ရောက်နိုင်ကြပြီး ဦးအေးကို ဖုန်း-၀၁-၆၆၀၀၀၆၊ ၀၁- ၆၆၂၂၈၀၊ ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း- ၀၁-၂၄၇၀၂၇၊ ၀၉-၉၉-၂၀၆၁၇၊ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင် ဖုန်း- ၀၁-၆၆၂၈၅၀၊ ၀၉-၅၁၈၃၈၄၀နှင့် ဘဏ္ဍာရေးနှင့်ပြန်ကြားရေးမှူး ဦးသန်း ဖုန်း-၀၉-၉၉-၂၅၅၀၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မကောင်းသောစိတ်၏ခေရာ

စိတ်သည် အရာရာကိုဦးဆောင်၏။ တစ်စုံတစ်ယောက်သောသူသည် မကောင်းသောစိတ်အကြံဖြင့် ဝစီကံ ပြောဆိုခြင်း၊ ကာယကံ ပြုလုပ်ခြင်းတို့ကြောင့် ထိုသူ၏နောက်သို့(လှည်းဘီးစက်ဝန်းသည် ဝန်ဆောင်သောနွား၏ခြေရာနောက်သို့ အစဉ်လိုက်ဘိသကဲ့သို့) ဒုက္ခဆင်းရဲသည် အစဉ်လိုက်လေ၏။

(ဓမ္မပဒ ၁)

အကြိမ်(၆၀)မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ အောင်စာရင်းထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာန တိပိဋကဓရရွေးချယ်ရေးအဖွဲ့က ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၃ရက်မှ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၂ရက်အထိ ကျင်းပခဲ့သော အကြိမ်(၆၀)မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ရေးဖြေနှင့် အာဂုံပြန်စာမေးပွဲတို့တွင် အောင်မြင်ကြသည့် ပုဂ္ဂိုလ်များစာရင်းကို ထုတ်ပြန်ကြေညာလိုက်သည်။

(ယမန်နေ့ကအဆက်)

ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်း အာဂုံအောင်

ဥဘတောဝိဘင်္ဂဓရ (၄၄)ပါး

၁။ ပလ္လင်အမှတ် (၆၁) အရှင်ကုမာရ အသက်(၃၁) နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋကမဟာဂန္ဓာဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ပလ္လင်အမှတ် (၆၂) အရှင်စန္ဒိမာ အသက်(၃၀) နှစ်၊ သိက္ခာ (၁၀)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃။ ပလ္လင်အမှတ် (၆၃) အရှင်ပညာသီရိ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၄။ ပလ္လင်အမှတ် (၆၄) အရှင်ဝိစိတ္တ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၅။ ပလ္လင်အမှတ် (၆၉) အရှင်အဂ္ဂဝံသ အသက်(၂၇) နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။ (အထူးအောင်)

၆။ ပလ္လင်အမှတ် (၇၀) အရှင်ကုမာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၇။ ပလ္လင်အမှတ် (၇၁) အရှင်ဓမ္မာစာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၈။ ပလ္လင်အမှတ် (၇၃) အရှင်ဂန္ဓမာ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၉။ ပလ္လင်အမှတ် (၇၄) အရှင်ဇောတိက၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၀။ ပလ္လင်အမှတ် (၇၅) အရှင်စန္ဒာဝရာလင်္ကာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ မဟာခေမိကာရာမ စာသင်တိုက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်း။

၁၁။ ပလ္လင်အမှတ် (၇၇) အရှင်ကောလိတ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၂။ ပလ္လင်အမှတ် (၇၉) အရှင်သုစိတ္တ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၄)ဝါ၊ မဟာသုခါရာမစာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၃။ ပလ္လင်အမှတ် (၈၀) အရှင်ဝိစိတ္တ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၄။ ပလ္လင်အမှတ် (၈၁) အရှင်ဝိဇ္ဇောဒယ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၁)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၅။ ပလ္လင်အမှတ် (၈၃) အရှင်ပညာသာရာလင်္ကာရ၊ အသက်(၁၉)နှစ်၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၆။ ပလ္လင်အမှတ် (၈၈) အရှင်ကောသလ္လ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၇။ ပလ္လင်အမှတ် (၈၉) အရှင်ဥပ္ပလ၊ အသက် (၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၈။ ပလ္လင်အမှတ် (၉၀) အရှင်အဂ္ဂါစာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ(၇)ဝါ၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၁၉။ ပလ္လင်အမှတ် (၉၁) အရှင်ဇာနေယျဗုဒ္ဓိ၊ အသက် (၂၆)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၂၀။ ပလ္လင်အမှတ် (၉၂) အရှင်ဝိသုတ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂၁။ ပလ္လင်အမှတ် (၉၄) အရှင်ပညာဇောတ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂၂။ ပလ္လင်အမှတ် (၉၅) အရှင်ပညာသာမိ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၂၃။ ပလ္လင်အမှတ် (၉၇) အရှင်သီလာစာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂၄။ ပလ္လင်အမှတ် (၉၈) အရှင်ဝါယာမိန္ဒာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၅။ ပလ္လင်အမှတ် (၉၉) အရှင်အစ္စရိယ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။ (အထူးအောင်)

၂၆။ ပလ္လင်အမှတ်(၁၀၀) အရှင်တေဇိန္ဒ အသက်(၂၄)နှစ်၊ သိက္ခာ(၃)ဝါ၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၇။ ပလ္လင်အမှတ်(၁၀၁) အရှင်ပဏ္ဍိတဝံသ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂၈။ ပလ္လင်အမှတ်(၁၀၂) အရှင်ဣန္ဒောဘာသာလင်္ကာရ အသက်(၂၃)နှစ်၊ သိက္ခာ(၂)ဝါ၊ ပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂၉။ ပလ္လင်အမှတ်(၁၀၃) အရှင်သီလာနန္ဒာလင်္ကာရ အသက်(၂၁)နှစ်၊ သိက္ခာ(၁)ဝါ၊ သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၃၀။ ပလ္လင်အမှတ်(၁၀၄) အရှင်ဣန္ဒကာလင်္ကာရ အသက်(၂၁)နှစ်၊ သိက္ခာ(၁)ဝါ၊ သိန်းသန်းရတနာကျောင်း၊ မိုးကောင်းတိုက် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၃၁။ ပလ္လင်အမှတ်(၁၀၅) အရှင်သူရိယ အသက်(၂၅)နှစ်၊ သိက္ခာ(၁)ဝါ၊ မဟာဇောတိကာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၃၂။ ပလ္လင်အမှတ်(၁၀၆) အရှင်ပညာသိဟာလင်္ကာရ အသက်(၂၁)နှစ်၊ သိက္ခာ(၁)ဝါ၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၃။ ပလ္လင်အမှတ်(၁၁၁) အရှင်တေဇနိယ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃၄။ ပလ္လင်အမှတ်(၁၁၆) အရှင်အရိယဝံသ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။ (အထူးအောင်)

၃၅။ ပလ္လင်အမှတ်(၁၁၇) အရှင်ဇောတိပါလာလင်္ကာရ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကမဟာဂန္ဓာဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၃၆။ ပလ္လင်အမှတ်(၁၁၈) အရှင်နန္ဒသာမိ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၃၇။ ပလ္လင်အမှတ်(၁၂၂) အရှင်ခေမာသိရီလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ မင်းကုန်းမဟာစာသင်တိုက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း။ (အထူးအောင်)

၃၈။ ပလ္လင်အမှတ်(၁၂၃) အရှင်ဝိလာသဂ္ဂါလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။(အထူးအောင်)

၃၉။ ပလ္လင်အမှတ်(၁၂၇) အရှင်ဩဘာသ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။

၄၀။ ပလ္လင်အမှတ်(၁၂၉) အရှင်နရိန္ဒ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၃)ဝါ၊ သာသနာ့ဝေပုလ္လကျောင်းတိုက်၊ ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်း။

၄၁။ ပလ္လင်အမှတ်(၁၃၀) အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၂)ဝါ၊ တိပိဋကဓမ္မပါလမဟာဝိဟာရ စာသင်တိုက်၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၄၂။ ပလ္လင်အမှတ်(၁၃၁) အရှင်ဝိလာသဂ္ဂ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၂)ဝါ၊ မဟာသုခါရာမစာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။ (အထူးအောင်)

၄၃။ ပလ္လင်အမှတ်(၁၃၂) အရှင်မေဓာနန္ဒ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၂)ဝါ၊ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၄၄။ ပလ္လင်အမှတ်(၁၃၄) အရှင်ရေဝတ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၁)ဝါ၊ အောင်မင်္ဂလာကျောင်း၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။ (အထူးအောင်)တို့ဖြစ်ကြသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာ(၆)ရပ်ကွက် ဗဟိုဓမ္မာရုံတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကေတုမတီလမ်းရှိ (၆)ရပ်ကွက်လုံးဆိုင်ရာ ဗဟိုဓမ္မာရုံကြီး၌ တရားပွဲအလှူရှင် ဦးစိုးဝင်း–ဒေါ်နီလာရွှေ မိသားစုက တရားအလှူ ပေးလှူမည်ဖြစ်ရာ **ဇန်နဝါရီ၃၀ ရက် (ဗုဒ္ဓဟူးနေ့)**တွင် ဆရာတော် ဓမ္မဒူတအရှင်ဃောသိတ၊ **၃၁ ရက် (ကြာသပတေးနေ့)**တွင် ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ(ပါမောက္ခချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်)၊ **ဖေဖော်ဝါရီ၁ ရက်(သောကြာနေ့)**တွင် ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒဆရာတော်တို့က ညစဉ် ၇ နာရီမှစ၍ တရားဟောကြားတော်မူမည်ဖြစ်ရာ တရားတော်နာကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

(က–ပ)

ဒုတိယအကြိမ်မြောက် အထူးတရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၅)ရပ်ကွက် သံဃာ့ဒါန ဆွမ်းလောင်းအသင်း၏ အကြိမ်(၆၀)မြောက် ဝါတွင်းဆွမ်းလောင်းအောင်ပွဲနှင့် ဝါပ ဆွမ်းလောင်းပွဲအထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ်မြောက် အထူးတရားပွဲကို ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ၂၉ ရက်(အင်္ဂါနေ့)တွင် ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)၊ ဇန်နဝါရီ ၃၀ ရက် (ဗုဒ္ဓဟူးနေ့)တွင် အရှင်ဇဝန (မေတ္တာရှင်)ရွှေပြည်သာ၊ ဇန်နဝါရီ၃၁ ရက်(ကြာသပတေးနေ့)တွင် အရှင်ဇဝန (ပဲခူး)၊ ဖေဖော်ဝါရီ၁ ရက်(သောကြာနေ့)တွင် အရှင်ခေမိန္ဒ (စစ်ကိုင်း ခင်မကန်)၊ ဖေဖော်ဝါရီ၂ ရက်(စနေနေ့)တွင် အရှင်ပဏ္ဍိစ္စ (ပြည်တော်ဦး ဗုဒ္ဓသာသနာ့ရိပ်မွန်)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇ နာရီမှစတင်၍ သံဃာ့ဒါန ဆွမ်းလောင်းအသင်းဓမ္မာရုံ ညောင်တန်းလမ်း အမှတ်(၅)ရပ်ကွက် ပုဇွန်တောင်မြို့နယ်၌ ဟောကြား၍ တရားအလှူ ပေးလှူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘေရွတ်အရှေ့ပိုင်း၌ ကားဗုံးခွဲတိုက်ခိုက် အနည်းဆုံး ခြောက်ဦးသေဆုံး

ဘေရွတ် ဇန်နဝါရီ ၂၆

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့အရှေ့ပိုင်း ဆင်ခြေဖုံးရပ်ကွက်၌ ဇန်နဝါရီ ၂၅ ရက်က အားပြင်းသော ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ (အပေါ်ပုံ) **အနည်းဆုံးခြောက်ဦး သေဆုံးသွားသည်။**

သေဆုံးသူများတွင် ရဲထောက်လှမ်းရေး အရာရှိတစ်ဦးနှင့် အခြားအရာရှိတစ်ဦးတို့ ပါဝင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထုတ်လွှင့်ပြသ

အဆိုပါ ဗုံးခွဲတိုက်ခိုက်ရာ အရပ်ဒေသတွင် တိုက်ခိုက်မှုကြောင့် အနီးဝန်းကျင်ရှိ ကားများ ပျက်စီးသွားပုံများကို လက်ဘနွန် ရုပ်မြင်သံကြားက ထုတ်လွှင့် ပြသခဲ့သည်။

လက်ဘနွန်နိုင်ငံ၌ ၂၀၀၄ ခုနှစ်မှစပြီး အသေခံဗုံးခွဲ တိုက်ခိုက်မှုများ မကြာခဏ ပြုလုပ်နေကြောင်း၊ ဆီးရီးယားဆန့်ကျင်လှုပ်ရှားမှု အဖွဲ့ဝင်များကို ပစ်မှတ်ထား တိုက်ခိုက်နေကြောင်း မျက်မြင်သိရှိသူများက ပြောကြားသည်။

ရွှေ့ဆိုင်း

အဆိုပါ တိုက်ခိုက်မှုသည် ဆီးရီးယားလိုလားသော အဖွဲ့နှင့် အနောက်လိုလားသော ပါတီများအကြား နိုင်ငံရေးတင်းမာမှုများကြောင့် သမ္မတရွေးကောက်ပွဲ နှစ်လကျော်ကြာ အချိန်ရွှေ့ဆိုင်းခဲ့ရပြီးနောက် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ပျက်စီး

လွန်ခဲ့သော ၁၀ ရက်ကလည်း ဘေရွတ်မြို့အရှေ့ပိုင်း၌ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အမေရိကန်သံတမန် မော်တော်ယာဉ်တစ်စီး ပျက်စီးသွားပြီး အနည်းဆုံး သုံးဦးသေဆုံးခဲ့ရသည်။ **(အင်တာနက်)**

ကင်ညာ၌ ပြိုင်ဘက်များ အပြန်အလှန်တိုက်ခိုက် ရဲတပ်ဖွဲ့က ညမထွက်ရအမိန့် ထုတ်ပြန်

နိုင်ရိုဘီ ဇန်နဝါရီ ၂၆

ကင်ညာနိုင်ငံ နာကုရုမြို့၌ ဇန်နဝါရီ၂၅ရက်က အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွား၍ အနည်းဆုံး ၁၀ဦးသေဆုံးခဲ့ပြီးနောက် ကင်ညာရဲတပ်ဖွဲ့က ညမထွက်ရ အမိန့်ထုတ်ပြန်လိုက်သည်။

အဆိုပါ မြို့၌ အဆောက်အအုံများ မီးလောင်ရာမှ မီးခိုးများ တလူလူ လွင့်ပျံတက်နေစဉ် ပြိုင်ဘက်လူငယ်များသည် တုတ်၊ ဓား လက်နက်၊ လေး၊ မြားတို့ကို ကိုင်ဆောင်လျက် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း **(ယာပုံ)** ရဲတပ်ဖွဲ့က ပြောကြားသည်။

နောက်ဆုံးရသတင်း

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုတွင် ဇန်နဝါရီ ၂၆ ရက် ညပိုင်းအထိ နောက်ဆုံးသတင်းများအရ သေဆုံးသူပေါင်း ၄၅ ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

အင်ဒိုနီးရှားဂါရုဒါလေကြောင်းလိုင်း ဂျကာတာနှင့်တရုတ်မြို့ကြီးများအကြား လေကြောင်းတိုးချဲ့ပျံသန်းမည်

ဂျကာတာ ဇန်နဝါရီ ၂၆

ယခုနှစ်အတွင်း တရုတ်နိုင်ငံ ပေကျင်းမြို့၌ အိုလံပစ်အားကစားပွဲတော် ကျင်းပတော့မည် ဖြစ်သည်။ ယင်းအတွက် အင်ဒိုနီးရှားလေကြောင်းဖြစ်သည့် ဂါရုဒါက ဂျကာတာနှင့် တရုတ်မြို့ကြီးများအကြား လေကြောင်းခရီးစဉ်များ ပျံသန်းမည်ဟု ဆိုသည်။

ကိုးကားဖော်ပြ

မိမိတို့သည် ဂျကာတာမြို့နှင့် တရုတ်မြို့ကြီးများအကြား လေကြောင်းပျံသန်းမှုများ တိုးချဲ့ပျံသန်းသွားမည် ဖြစ်ကြောင်း၊ ယင်းလေကြောင်းမှ မန်နေဂျာ ဖိခရီအီဟမ်က ပြောကြားသည်ကို အင်တာရာသတင်းဌာနက ကိုးကားဖော်ပြသည်။

တစ်ပတ်လေးကြိမ်

ဂါရုဒါလေကြောင်းလိုင်းသည် ဂျကာတာနှင့် ပေကျင်းလေကြောင်း ပျံသန်းမှု တစ်ပတ်သုံးကြိမ်၊ ဂျကာတာနှင့် ရှန်ဟိုင်းမြို့အကြား ပျံသန်းပြေးဆွဲမှု တစ်ပတ်လေးကြိမ်၊ ဂျကာတာနှင့် ကွမ်ကျိုးမြို့အကြား တစ်ပတ်လေးကြိမ် ပျံသန်းလျက်ရှိသည်။

တိုးချဲ့ပျံသန်း

သို့သော်လည်း ယခုနှစ်ကုန်ပိုင်းတွင် ဂါရုဒါက ဂျကာတာနှင့် တရုတ်မြို့ကြီးများအကြား လက်ရှိ ပျံသန်းနေသည့်ခေါက်ရေထက် ထပ်မံ၍ အခေါက်ရေ ၃၀ တိုးချဲ့ပျံသန်းသွားမည်ဟု ၎င်းကပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေးကြောင့် ၉၇ဦးမြောက် သေဆုံး

ဂျကာတာ ဇန်နဝါရီ ၂၆

အသက် ၃၀အရွယ်ရှိ အင်ဒိုနီးရှား အမျိုးသားတစ်ဦးသည် ကြာသပတေးနေ့က ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသွားကြောင်း၊ ၎င်းသေဆုံးမှုကြောင့် အင်ဒိုနီးရှားနိုင်ငံ၌ ကြက်ငှက် တုပ်ကွေးရောဂါဖြင့် သေဆုံးသူ ၉၇ဦး အထိ ရှိသွားပြီဖြစ်ကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါအမျိုးသားသည် ဂျကာတာမြို့ အနောက်ဘက် တန်ဂျာရန် အရပ်မှ ဖြစ်ပြီး ဆေးရုံတက်၍ တစ်ပတ်အကြာ ပါဆာဟာဘာတန်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ဆူနန်ရာဂျာက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

တရုတ်နှင့်ရုရှား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး နှစ်နိုင်ငံပါတီ ပူးပေါင်းဆောင်ရွက်မည်

ပေကျင်း ဇန်နဝါရီ ၂၆

တရုတ်နှင့်ရုရှားနှစ်နိုင်ငံချစ်ကြည်ရေးကို တိုးမြှင့်နိုင်ရန် ရည်ရွယ်လျက် ပါတီအချင်းချင်း ထပ်မံပူးပေါင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း တရုတ်ထိပ်တန်းအရာရှိတစ်ဦးက ဇန်နဝါရီ ၂၄ရက်တွင် ပြောကြားခဲ့သည်။

ပေကျင်းမြို့ ခန်းမ၌ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ(စီပီစီ)၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် ဆီကျန်ပင်းသည် ရုရှားကွန်မြူနစ်ပါတီ(စီပီအာရ်)၏ ဥက္ကဋ္ဌ ဇူဂါနိုဗ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

၎င်းတို့နှစ်ဦးသည် ပါတီနှစ်ခုအကြား ချစ်ကြည်ရင်းနှီးမှု ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ခိုင်မာစေရန် ထပ်မံဆောင်ရွက်ရေး သဘောတူညီခဲ့ကြသည်။

တရုတ်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်နိုင်ရန် ပူးပေါင်းဆောင်ရွက်မည်ဟု ကတိကဝတ်ပြုခဲ့ပြီး မကြာသေးမီက တရုတ်နှင့် ရုရှားဗျူဟာမြောက် ချစ်ကြည်ရင်းနှီးမှု တိုးတက်လာခဲ့မှုအပေါ် ကြိုဆိုကြောင်း ပြောကြားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)ရှိ အဘူဒါဘီမြို့၌ ကျင်းပသည့် နိုင်ငံတကာ လေကြောင်းစွမ်းရည်ပြပွဲကို ဇန်နဝါရီ ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဇင်ဘာဘွေ ရွေးကောက်ပွဲ မတ်လကုန်တွင် ကျင်းပမည်

ဟာရာရေး ဇန်နဝါရီ ၂၆

ဇင်ဘာဘွေနိုင်ငံ၏ သမ္မတရွေးကောက်ပွဲနှင့် ပါလီမန်ရွေးကောက်ပွဲကို မတ်၂၉ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ဇင်ဘာဘွေအစိုးရက ကြေညာသည်။

သမ္မတရောဘတ်မူဂါဘီက ရွေးကောက်ပွဲကျင်းပရန် ကြေညာပြီးနောက် အတည်ပြုပြောကြားခဲ့ခြင်း ဖြစ်သည်။

အတိုက်အခံပါတီက ရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတခြင်း မရှိလျှင် သပိတ်မှောက်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားသည်။

(အင်တာနက်)

အီတလီ နိုင်ငံရေးအကျပ်အတည်း ဖြေရှင်းရန် နိုင်ငံရေး ခေါင်းဆောင်များနှင့် သမ္မတဆွေးနွေး

ရောမ ဇန်နဝါရီ ၂၆

အီတလီဝန်ကြီးချုပ် ရိုမာနိုပရော့ဒီ ရာထူးမှနုတ်ထွက်သွားပြီးနောက် အီတလီသမ္မတနာပိုလီတာနိုက နိုင်ငံရေးခေါင်းဆောင်များနှင့် အကျပ်အတည်းကို ဖြေရှင်းနိုင်ရန် ဆွေးနွေးလျက်ရှိသည်။

မစ္စတာပရော့ဒီသည် အထက်လွှတ်တော်၌ အယုံအကြည်မရှိ အဆိုကို ရှုံးသွားသည့်အတွက် ရာထူးမှနုတ်ထွက်ခဲ့သည်။

မစ္စတာနာပိုလီတာနိုသည် လွှတ်တော်ဥက္ကဋ္ဌဖရန်ကိုမာရီနီနှင့် တိုင်ပင်ဆွေးနွေးလျက်ရှိသည်။ အတိုက်အခံခေါင်းဆောင် ဘာလူစကိုနီက ရွေးကောက်ပွဲကျင်းပရန် ဆော်ဩလိုက်သည်။ အသက် ၇၄ နှစ်ရှိ မစ္စတာမာရီနီသည် နိုင်ငံရေးပါတီငယ်တစ်ခု၏ အကြီးအကဲဖြစ်ကြောင်း အဆိုပါဆွေးနွေးမှု၌ ပြောကြားသည်။ **(အင်တာနက်)**

ထိုင်း ပတ္တနီပြည်နယ်၌ ကျောင်းဆရာတစ်ဦး ပစ်သတ်ခံရ

ဗန်ကောက် ဇန်နဝါရီ ၂၆

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီ ပြည်နယ်၌ ဇန်နဝါရီ ၂၄ရက် နံနက်က စာသင်ကျောင်းသို့ မော်တော်ဆိုင်ကယ်စီးလာသည့်ကျောင်းဆရာတစ်ဦးကို အကြမ်းဖက်သမားများက ပစ်သတ်လိုက်သည်။

ပတ္တနီပြည်နယ် ကောက်ပိုခရိုင်အတွင်း၌ ဘန်ကိုတာစာသင်ကျောင်းမှ ကျောင်းဆရာဆူဗစ်ဘွန်ဆာနစ်(၄၆နှစ်)မှာ ထိုနေ့ နံနက် ၈နာရီတွင် အသတ်ခံရခြင်းဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းစာ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ထိုသို့ အသတ်မခံရမီ အကြမ်းဖက်သမားနှစ်ဦးက မော်တော်ဆိုင်ကယ်ဖြင့်ပင် သူ့နောက်လိုက်သွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကင်ညာနိုင်ငံအလယ်ပိုင်းတွင် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွား
နေအိမ်များ မီးလောင်၍ ပြည်သူများဒုက္ခဆင်းရဲကြုံတွေ့

နိုင်ရိုဘီ ဇန်နဝါရီ ၂၆

ကင်ညာနိုင်ငံ၌ ရွေးကောက်ပွဲပြီးနောက် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ နိုင်ငံအလယ်ပိုင်းရှိ လူနေအိမ် ဒါဇင်ပေါင်းများစွာ မီးလောင်ပျက်စီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုသို့ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် နိုင်ငံတစ်ဝန်း လူပေါင်း ၇၀၀ကျော် သေဆုံးခဲ့ပြီး၂၅၀၀၀၀ခန့် နေအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်ဟု ဆိုသည်။

သေဆုံးခဲ့

မကြာမီက ရစ်ဖ်ဗယ်လီမြို့၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုတွင် အနည်းဆုံးငါးဦး သေဆုံးခဲ့ရသည်။

ဖြစ်ပွား

ကင်ညာသမ္မတ ကီဘာကီနှင့် အတိုက်အခံခေါင်းဆောင် အိုဒင်ဂါတို့အကြား ရွေးကောက်ပွဲ မဲရေတွက်မှု အငြင်းပွားခဲ့သဖြင့် နိုင်ငံအတွင်း အကြမ်းဖက် တိုက်ခိုက်မှုများ နေ့စဉ် ဖြစ်ပွားလျက်ရှိသည်။

ပြတ်လပ်

အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေ၍ အချို့မှာ စားနပ်ရိက္ခာ ပြတ်လပ်မှုဒုက္ခဆင်းရဲမျိုးစုံ ကြုံတွေ့နေပြီး အချို့မှာ နေအိမ်များမီးရှို့ခံရ၍ နေစရာ အိမ်မရှိ ဖြစ်နေကြရသည်ဟု ဆိုသည်။ **(အင်တာနက်)**



ကင်ညာနိုင်ငံ အလယ်ပိုင်း၌ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် လူနေအိမ်များ ပျက်စီးရပြီး စားနပ်ရိက္ခာ ပြတ်လပ်မှုနှင့် ကြုံတွေ့နေရသည်ကို ဇန်နဝါရီ ၂၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီဂျစ်–ဂါဇာ နယ်ခြားတံတိုင်း ပါလက်စတိုင်းတို့က မြေထိုးစက်ဖြင့် ဖြိုချ

ဂါဇာ ဇန်နဝါရီ ၂၆

ဂါဇာကမ်းမြောင်ဒေသ၌ မကြာသေးမီက စစ်သွေးကြွများ ဖောက်ထားသော နယ်စပ်ဝင်ပေါက်များကို အီဂျစ်တပ်များက ပိတ်ဆို့ထားပြီးနောက် ပါလက်စတိုင်းတို့က ဂါဇာ–အီဂျစ် နယ်ခြားအုတ်နံရံတံတိုင်းကို မြေထိုးစက်ဖြင့် ဖြိုချခဲ့သည်။ **(အောက်ပုံ)**

ဖြိုချခဲ့

အီဂျစ်နယ်စပ်မှ ရဲများ ရုပ်သိမ်းသွားပြီးနောက် ပါလက်စတိုင်းတို့က နယ်ခြားအုတ်တံတိုင်းကို မြေထိုးစက်ဖြင့် ဖြိုချခဲ့သည်ဟု ဆိုသည်။

ရာထောင်ချီသော ပါလက်စတိုင်း ပြည်သူများသည် ဇန်နဝါရီ ၂၃ရက်က အီဂျစ်နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်ကာ အစားအစာများ၊ လူအသုံးအဆောင်ပစ္စည်းများ ဝယ်ယူခဲ့ကြသည်။

ပိတ်ဆို့ထား

မကြာသေးမီက အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသသို့ ဖြတ်သန်းသွားလာသည့် နယ်ခြားဂိတ်များကို ပိတ်ဆို့ထားသည်။

ယင်းကဲ့သို့ ပိတ်ဆို့ခြင်းမှာ ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးတောင်ပိုင်းမြို့များသို့ ဒုံးကျည်များဖြင့် ပစ်ခတ်နေခြင်းကြောင့် ပိတ်ဆို့ရသည်ဟု ဆိုသည်။ **(အင်တာနက်)**

ကျောက်ကပ်အစားထိုးကုသမှုခံယူထားသူများ ရိုးတွင်းခြင်ဆီသွင်းခြင်းဖြင့် ထိရောက်စွာကုသနိုင်

ဘော့စတွန် ဇန်နဝါရီ ၂၆

ကျောက်ကပ် အစားထိုးမှုခံယူထားသူတစ်ဦးသည် သွေးသွင်းခြင်းသို့မဟုတ် ရိုးတွင်းခြင်ဆီသွင်းခြင်းဖြင့် သွေးလည်ပတ်မှု အားကောင်းစေသောဆေးများသုံးစွဲမှုကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၂၃ရက်တွင် သတင်းထုတ်ပြန်သည်။

လေ့လာတွေ့ရှိ

သွေးအတွင်း ပင်မဆဲလ်များနှင့် ရိုးတွင်းခြင်ဆီများသည် ကျောက်ကပ်အစားထိုးကုသမှု ခံယူထားသူများအတွက် အထောက်အကူပြုနိုင်ကြောင်း သုတေသနအဖွဲ့နှစ်ဖွဲ့၏ လေ့လာတွေ့ရှိချက်များကို နယူးအင်္ဂလန်ဆေးဂျာနယ်၌ ဖော်ပြသည်။

မန်ဆာချူးဆက် ဗဟိုဆေးရုံနှင့် ဘော့စတွန်ရှိ ဟားဗက်ဆေးကျောင်းတို့မှ သုတေသနပညာရှင်များသည် ကျောက်ကပ်အစားထိုးကုသမှုခံယူထားသူ ငါးဦးအား ရိုးတွင်းခြင်ဆီများသွင်း၍ စမ်းသပ်မှုများ ပြုလုပ်ခဲ့ရာ လေးဦးမှာ အသုံးပြုနေသော ကျောက်ကပ်ဆေးကို သုံးရန် မလိုတော့ဟုဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

တူရကီရဲတပ်ဖွဲ့နှင့် အယ်လ်ခိုင်ဒါများ တိုက်ပွဲဖြစ်ပွား

အန်ကာရာ ဇန်နဝါရီ ၂၆

တူရကီနိုင်ငံ အရှေ့တောင်ပိုင်း၌ တူရကီရဲတပ်ဖွဲ့သည် ဇန်နဝါရီ ၂၄ရက်တွင် အယ်လ်ခိုင်ဒါရှိ အကြမ်းဖက်အဖွဲ့အား ချေမှုန်းတိုက်ခိုက်ရာအယ်လ်ခိုင်ဒါအဖွဲ့ဝင်လေးဦးသေဆုံးသွားကြောင်း အစိုးရထုတ်ပြန်ကြေညာချက်တစ်ရပ်၌ ဖော်ပြသည်။

အယ်လ်ခိုင်ဒါအဖွဲ့သည် တူရကီနိုင်ငံ၌အကြမ်းဖက်တိုက်ခိုက်ရန်ပြင်ဆင်နေချိန်တွင် ရဲတပ်ဖွဲ့က စီးနင်းတိုက်ခိုက်ခဲ့ကြောင်း အဆိုပါကြေညာချက်၌ ဖော်ပြသည်။

ရဲတပ်ဖွဲ့နှင့် အယ်လ်ခိုင်ဒါအဖွဲ့တို့ အပြန်အလှန်ပစ်ခတ်မှုကြောင့် ရဲအရာရှိတစ်ဦးသေဆုံးပြီး အခြားလေးဦးဒဏ်ရာရရှိသွားသည်ဟုဆိုသည်။

ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းတိုက်ခိုက်စဉ်အတွင်း ၁၉ဦးကို ဖမ်းဆီးနိုင်ပြီး သေနတ်ခုနစ်လက်နှင့် လက်နက်ခဲယမ်းမီးကျောက်များကိုပါ သိမ်းဆည်းနိုင်ခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆိုမာလီဝန်ကြီးချုပ်နေထိုင်ရာ သမ္မတနန်းတော် စိန်ပြောင်းကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံရ

မိုဂါဒစ်ရှူး ဇန်နဝါရီ ၂၆

ဆိုမာလီနိုင်ငံမြို့တော် မိုဂါဒစ်ရှူးရှိ ဆိုမာလီဝန်ကြီးချုပ်နေထိုင်သော သမ္မတနန်းတော်သို့ စိန်ပြောင်းကျည်ရှစ်ချက် ထိမှန်ခဲ့ပြီးနောက် တစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဆိုမာလီဝန်ကြီးချုပ် နေထိုင်ရာ အဆိုပါသမ္မတနန်းတော်သို့ ဇန်နဝါရီ ၂၀ရက်က စိန်ပြောင်းကျည်ဖြင့် လေးချက် ပစ်ခံရကြောင်း မျက်မြင်တွေ့ရှိသူများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ပြောကြား

အဆိုပါစိန်ပြောင်းဖြင့် ပစ်ခတ်ခံရမှုကြောင့် တစ်ဦးသေဆုံးပြီး အခြားလေးဦးဒဏ်ရာရရှိသွားကြောင်း ဆေးရုံသတင်းရပ်ကွက်မှ တာဝန်ရှိသူများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် အာဖရိကထိပ်တန်းသံတမန်နှင့် ဆိုမာလီအစိုးရတာဝန်ရှိသူများသည် အစည်းအဝေးကျင်းပနေစဉ်အတွင်း တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ပြောက်ကျားပုံစံ

၎င်းပစ်ခတ် တိုက်ခိုက်မှုသည် မည်သူမည်ဝါ၏ လက်ချက်ဖြစ်သည်ကို မသိရသေးပေ။ သို့သော်လည်း အစ္စလာမ္မစ် အကြမ်းဖက်သမားများက ဆိုမာလီ၌ နိုင်ငံခြားတပ်များ ရှိနေခြင်းကို ဆန့်ကျင်ကြောင်း၊အစိုးရ နိုင်ငံရေးသမားများသည် အီရတ် ပြောက်ကျားစစ်ပွဲပုံစံဖြင့် အတိုက်ခံရလိမ့်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထိန်းချုပ်

အီသီယိုးပီးယားနှင့် ဆိုမာလီတပ်များက ၂၀၀၆ခုနှစ် နှစ်ကုန်ပိုင်းတွင် ပူးပေါင်းစစ်ဆင် တိုက်ခိုက်ခဲ့ရသော အစ္စလာမ္မစ်လှုပ်ရှားမှုအဖွဲ့သည်ဆိုမာလီတောင်ပိုင်းနှင့် အလယ်ပိုင်း ဒေသများကို အများဆုံး ထိန်းချုပ်ထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အယ်လ်စီဒီကုမ္ပဏီမှ ထုတ်လုပ်သည့် ၄၆ လက်မရှိသော ဒီဇိုင်းသစ် ရုပ်မြင်သံကြားပြစက်ကို အရောင်းဝန်ထမ်းတစ်ဦးက ပြသထားသည်ကို ဇန်နဝါရီ ၂၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်တောင်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား

ကဘူးလ် ဇန်နဝါရီ ၂၆

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ ဇန်နဝါရီ ၂၂ရက်က တာဝန်ကျကင်းလှည့်ယာဉ်ဖြတ်သန်းသွားစဉ် ပြင်းထန်သော ပေါက်ကွဲမှုဖြစ်ပွားရာ နေတိုးဦးဆောင်သော နိုင်ငံစုံလုံခြုံရေး တပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)မှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ် ရာရရှိကြောင်း အိုင်အက်စ်အေအက်ဖ်မှ သတင်းထုတ်ပြန်သည်။

ဒဏ်ရာရရှိသူ တပ်ဖွဲ့ဝင်များအား စစ်ဘက်ဆိုင်ရာဆေးရုံသို့ ပို့ဆောင်ကာ ပြုစုကုသမှုခံယူလျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အာဖဂန်နစ္စတန်၌ စစ်ပွဲကြောင့် မတည်မငြိမ်ဖြစ်နေမှုများကို ပြန်လည်တည်ဆောက်ရေးနှင့် လုံခြုံရေးအတွက် နေတိုးဦးဆောင်သော နိုင်ငံစုံလုံခြုံရေးတပ်ဖွဲ့အောက်တွင် တပ်ဖွဲ့ဝင်ပေါင်း ၄၁၀၀၀ကျော် တပ်ဖြန့်ချထားလျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပလတ်စတစ်လက်ဆွဲခြင်း

တရုတ်နိုင်ငံတောင်ပိုင်း ကျန်ဟိုင်းပြည်နယ်တွင် ဒေသခံများ ရက်လုပ်ထားသော ပေါ့ပါးလှပသည့် ပလတ်စတစ်လက်ဆွဲခြင်းများအား ခရီးသွားဧည့်သည်များက ဝယ်ယူနေသည်ကို ဇန်နဝါရီ ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တုပ်ကွေးရောဂါ ပျောက်ထိုးဆေး ကြက်ငှက်တုပ်ကွေးပျောက်နိုင်ဖွယ်ရှိ

ရောမ ဇန်နဝါရီ ၂၆

ကြက်ငှက်တိရစ္ဆာန်များ ရာသီအလိုက်ဖြစ်ပွားတတ်သော တုပ်ကွေးရောဂါပျောက်ထိုးဆေးသည် H_5N_1ကြက်ငှက်တုပ်ကွေး ရောဂါအတွက် ထိုးနှံအသုံးပြုရာတွင် သက်သာပျောက်ကင်းဖွယ်ရှိကြောင်း လေ့လာချက်တစ်ရပ်၌ တွေ့ရှိထားသည်။

အဆိုပါ တုပ်ကွေးရောဂါပျောက် ထိုးဆေးသည် လက်ရှိအသုံးပြုနေသော H_5N_1ကြက်ငှက်တုပ်ကွေးရောဂါပျောက်ဆေးထက် ပိုမိုတုံ့ပြန် ထိရောက်မှုရှိသည့် အချက်ကိုတွေ့ရှိထားကြောင်း အီတလီနိုင်ငံ ရောမမြို့ရှိ ကူးစက်ရောဂါထိန်းချုပ်ရေးဌာနမှ သုတေသနပညာရှင်များက တွေ့ရှိထားသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ဇန်နဝါရီ ၂၄ရက်က လူ၃၄ဦး သေဆုံးခဲ့သည့် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် အပျက်အစီးများကြားတွင် ဒဏ်ရာရသူများအား ဒေသခံအီရတ်များက လိုက်လံရှာဖွေနေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီဂျစ်နယ်စပ် ဖြတ်ကျော်မှု ထိန်းမရသည်မှာ လေးရက်ရှိပြီဆို

ကိုင်ရို ဇန်နဝါရီ ၂၆

ဂါဇာကမ်းမြောင်နှင့် ဆက်နေသည့် အီဂျစ်နယ်စပ်တွင် ထောင်ပေါင်းများစွာသော ပါလက်စတိုင်းများ ပြည့်လျှံနေမှုကို မည်သို့ကိုင်တွယ်ဖြေရှင်းရမည်ဟူသော ပြဿနာနှင့် အီဂျစ်နိုင်ငံ နပန်းလုံးနေရသည်မှာ စနေနေ့တွင် လေးရက်မြောက်သွားပြီဖြစ်သည်။

သောကြာနေ့က ပိတ်ရန်မအောင်မြင်သည်ကို အီဂျစ်က ပြန်ပိတ်ရန်ကြိုးစားကြည့်ပြီးနောက် စနေနေ့တွင် နယ်စပ်ကို ဟိုဘက်၊ သည်ဘက်ဖြတ်ကျော်နေသူများမှာ အုံနှင့်ကျင်းနှင့်ချီ၍ များပြားလာသည်။

ပါလက်စတိုင်းတို့သည် နယ်စပ်ကိုဖြတ်ရာ၌ ခြေကျင်ပါမကဘဲ၊ မော်တော်ကားများပါ မောင်းနှင်ဖြတ်ကျော်နေသည်ဟုလည်း အေပီက ဖော်ပြသည်။

ဂါဇာကမ်းမြောင်ကို အစ္စရေးပိတ်ဆို့ထားခြင်းအပေါ် ပါလက်စတိုင်းတို့က ဖီဆန်လျက်ရှိသည်။ ဂါဇာကမ်းမြောင်မှ အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်မှုရပ်သွားရေးအတွက် နယ်စပ်ကိုပိတ်ဆို့ရန် လိုအပ်ကြောင်း အစ္စရေးနိုင်ငံက ပြောဆိုသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာမှခင်းဖြစ်ရပ်

မိဘစကား ပယ်ရှားခြင်း၏နောက်ဝယ်

တပ်ဆန်မြို့ကလေးသည် အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တောင်ပိုင်းတွင်ရှိသည်။ လူဦးရေငါးသိန်းနီးပါး နေထိုင်ကာ အတန်အသင့်စည်ကားသည့် မြို့ကလေးဖြစ်ပြီး အေးချမ်းတိတ်ဆိတ်ငြိမ်သက်သည်။ အေးအေးချမ်းချမ်း နေထိုင်လိုသူတို့အတွက် သင့်လျော်သော မြို့ကလေးဖြစ်သည်။

မီလစ်ဆာ အာရင်တန်။ (အင်တာနက်ဓာတ်ပုံ)

ထိုမြို့ကလေးတွင် မီလစ်ဆာ အာရင်တန် ဆိုသူ အမျိုးသမီးနေထိုင်သည်။ မိဘနှစ်ပါးမှာ ကုန်သည်များဖြစ်ပြီး ကြေးရတတ်လူတန်းစားများဖြစ်သဖြင့် တစ်ဦးတည်းသောသမီးကလေး အာရင်တန်ကို အလိုလိုက်ထားကြလေသည်။ အာရင်တန်သည် လွန်ခဲ့သော၂၀၀၃ ခုနှစ်က တက္ကသိုလ်မှ ဘွဲ့ရရှိပြီးနောက် မိဘများ၏ လုပ်ငန်း အမွေဆက်ခံခဲ့သည်။ အာရင်တန်သည် လုပ်ငန်းလိုလေသေးမရှိအောင် ကြိုးစားလုပ်ကိုင်ကာ မိဘစကား နားထောင်လေ့ရှိသည်။

သို့သော်လည်း အာရင်တန်၏ ကားမောင်းကြမ်းခြင်း၊ ပါတီပွဲများခုံမင်စွာတက်သည့်ဝါသနာရှိခြင်း၊အသောက်အစားမက်တတ်ခြင်းတို့ကိုမူ မိဘများက သဘောမကျပေ။ မိဘများက ရှေ့ရေးကိုကြိုမြင်ကာ ယင်းအကျင့်များကို ဖျောက်ဖျက်ရန် ဆုံးမသော်လည်း သူမ နားမဝင်ခဲ့ပေ။ ထိုသို့ မိဘစကား နားမထောင်မှုကပင် အာရင်တန်၏ဘဝကို မယုံနိုင်လောက်အောင် တစ်ဆစ်ချိုး ပြောင်းလဲစေကာ ဒုက္ခလှလှကြီးရောက်စေခဲ့သည်။

မိဘစကား နားမထောင်မှုကပင် အာရင်တန်၏ ဘဝကို မယုံနိုင်လောက်အောင် တစ်ဆစ်ချိုး ပြောင်းလဲစေကာ ဒုက္ခလှလှရောက်စေခဲ့။

ကြမ္မာမှန်တိုင်း

မိဘစကားကို နားမထောင်ခဲ့မိသည့်အတွက် သူမ၏ဘဝတွင် ကြမ္မာမှန်တိုင်းအကြီးအကျယ် ထန်ခဲ့သောနေ့မှာ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်ပင်ဖြစ်သည်။ ယင်းနေ့ည စောစောပိုင်းတွင် သူငယ်ချင်းတစ်ဦး၏ မွေးနေ့ပါတီသို့ ကားဖြင့် သွားခဲ့သည်။ မိဘများက ညပိုင်းမို့ စိုးရိမ်သဖြင့် တားမြစ်သည့်ကြားမှပင် ဖွတ်ထွက်ခဲ့တော့သည်။ ထိုအချိန်အထိ သူမ၏ကံကြမ္မာကို မသိခဲ့သေးပေ။

ပွဲချင်းပြီး

မိုးချုပ်စမှ ကျင်းပသောပါတီပွဲတွင် သုံးနာရီခန့် ပျော်ရွှင်စွာ စားသောက်ပြီး ည ၉နာရီတွင်ပြန်ခဲ့သည်။ အခင်ဆုံး မိတ်ဆွေမို့လည်း အသောက်အစားများခဲ့လေသည်။ သူမ အိမ်ပြန်ချိန်တွင်မူ အတော်ကလေး ရေချိန်ကိုက်နေပေပြီ။ သာမန်အချိန်များတွင် ကားမောင်းကြမ်းသော အာရင်တန်သည် အရှိန် ရလာသောအခါ ပို၍ မိုင်နှုန်းတင်မောင်းမိတော့သည်။ သူ၏အိမ်ရောက်ရန် လမ်းခုလတ်အရောက် လမ်းချိုးတွင် အရှိန်ပြင်းစွာ ချိုးကွေ့မိသဖြင့် လမ်းဘေးတွင် စကားဘီးစီးနေသော အသက် ၄၅ နှစ်ရှိ အယ်လ်အီကူယာ၊ သစ်ခုတ်သမားတစ်ဦး ပြင်သစ်နိုင်ငံသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဆက်တိုက် တိုက်မိပြီးနောက် ကြောက်လန့်တကြား ဆက်မောင်းလေသည်။ ပေ၈၀၀ခန့်ရောက်မှ ရပ်ပြီး နောက်ကြောင်းပြန်လှည့်ကြည့်ရာ လူငါးဦးစလုံး ပွဲချင်းပြီး သေဆုံးနေကြလေပြီ။

ပြစ်ဒဏ်ချမှတ်ခံရ

ထိုအမှုကြောင့် သူ့ကို ယမန်နှစ်နိုဝင်ဘာလက လူသေစေမှုနှင့် အရက်သေစာ သောက်စားမောင်းနှင်မှုတို့ဖြင့် တရားစွဲဆိုခဲ့သည်။ အခင်းဖြစ်ပွားစဉ်တွင် သူမ၏ခန္ဓာကိုယ်ထဲ၌ အရီဇိုးနားပြည်နယ်၌ တရားဝင်ခွင့်ပြုထားသော အရက်ပါဝင်မှုရာခိုင်နှုန်း ၀ ဒသမ၀၈ ထက် နှစ်ဆနီးပါးဖြစ်နေသည့်၀ဒသမ ၁၅၆ ရာခိုင်နှုန်းရှိနေသဖြင့် ကားမောင်းခွင့်လိုင်စင်ကိုလည်း ရုပ်သိမ်းခဲ့သည်။ အမှုတွင် သူ့အနေဖြင့် လေးနှစ်ခန့်သာပြစ်ဒဏ်ကျခံရမည်ဟု ခန့်မှန်းခဲ့ကြသော်လည်း ယင်းစွဲချက်နှစ်ရပ်အတွက် ထောင်ဒဏ် ကိုးနှစ်ခွဲနှင့် တရားခွင်တွင် ရှေ့နေတစ်ဦးကို ပြက်ရယ်ပြုမိသည့်အတွက် ထောင်ဒဏ်တစ်နှစ် စုစုပေါင်း ၁၀ နှစ်ခွဲ ပြစ်ဒဏ် ချမှတ်ခံရတော့သည်။

သတိချပ်သင့်

ဤဖြစ်ရပ်ကို ကြည့်ခြင်းအားဖြင့် ပြစ်ဒဏ်ကျချိန်တွင် အသက် ၂၇နှစ်ရှိပြီဖြစ်သော အာရင်တန်သည် မိဘစကားကို ပယ်ရှားခဲ့သည့်အတွက် ရေတိမ်နစ် ဒုက္ခရောက်ခဲ့သည်ကို သတိမူသင့်သလို တန်ဆေးလွန်ဘေး ဆိုသကဲ့သို့ အရက်၏ဆိုးကျိုးကိုလည်း သတိချပ်သင့်ပါကြောင်း။ ။

ချစ်စိုးနိုင်-ကိုးကားရေးဖွဲ့သည်

အီဂျစ်နှင့် ပါလက်စတိုင်းနယ်စပ်ရှိ ပြိုကျပျက်စီးနေသော အင်္ဂတေချပ်များကြားတွင်ကလေးငယ်များ ဆော့ကစား နေကြသည်ကို ဇန်နဝါရီ ၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နာရာသီဝပ်ပြည်နယ်တွင် ဗုံးခွဲတိုက်ခိုက် တပ်ဖွဲ့ဝင်ခုနစ်ဦး ဒဏ်ရာရ

ဗန်ကောက် ဇန်နဝါရီ ၂၆

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်တွင် မသင်္ကာဖွယ်သောင်းကျန်းသူများက အင်အားကြီးဗုံးတစ်လုံး ဇန်နဝါရီ ၂၃ရက်က ဖောက်ခွဲတိုက်ခိုက်သဖြင့် အနည်းဆုံး အစိုးရတပ်ဖွဲ့ဝင်ခုနစ်ဦး ဒဏ်ရာရသွားကြောင်း ဒေသခံအသံလွှင့်ဌာနက ကြေညာသည်။

နာရာသီဝပ်ပြည်နယ် ရန်ဂေးခရိုင်တွင် ဧည့်သည် ၂၀၀ ကျော် ဖိတ်ကြားသည့် စစ်ဘက်ဆိုင်ရာ အခမ်းအနားတစ်ရပ်ကျင်းပစဉ် ယင်းသို့ ဗုံးခွဲတိုက်ခိုက်ခြင်း ဖြစ်သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၆–၁–၂၀၀၈

ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး ကြိုးပမ်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း

ဒေဗို့စ် ဇန်နဝါရီ ၂၆

ချမ်းသာသော နိုင်ငံများသည် ကမ္ဘာ့ဆင်းရဲမွဲတေမှု ပပျောက်အောင် ဆောင်ရွက်မပေးနိုင်သေးကြောင်း၊ ကမ္ဘာ့ဆင်းရဲမွဲတေမှု၏အဆိုးရွားဆုံး အကျိုးသက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် နှစ်ဆတိုးကြိုးပမ်းသွားရမည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက သောကြာနေ့တွင် ပြောကြားလိုက်သည်။

ဆွစ်ဇာလန်နိုင်ငံ ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက ထိုသို့ပြောကြားခြင်း ဖြစ်သည်။

ထောင်စုနှစ်ရည်မှန်းချက်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း သတိပေးလိုက်ပြီးနောက် ကမ္ဘာပေါ်ရှိ နိုင်ငံများစွာမှာ နောက်ကျကျန်ရစ်နေကြောင်း၊ နေ့စဉ်ငါးမိနစ်လျှင် ကလေးတစ်ဦး အစာငတ်သေဆုံးရခြင်းမှာ လက်ခံနိုင်စရာမရှိကြောင်း မစ္စတာဘန်ကီမွန်းက ပြောဆိုသည်။

သမ္မတကာဇိုင်း၏ ပြောကြားချက် ဗြိတိန်အစိုးရက တုံ့ပြန်

ဒေဗို့စ် ဇန်နဝါရီ ၂၆

အာဖဂန်နစ္စတန်နိုင်ငံသို့ ဗြိတိန်တပ်ဖွဲ့ဝင်များ ရောက်ရှိလာကာမှ လုံခြုံရေးအခြေအနေ ပိုဆိုးလာသည်ဟူသော အာဖဂန်နစ္စတန်သမ္မတဟာမစ်ကာဇိုင်း၏ ပြောဆိုချက်ကို ဗြိတိန်ဝန်ကြီးချုပ်က တုံ့ပြန်ချေပလိုက်သည်။

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟဲလ်မန်ပြည်နယ်သို့ ဗြိတိန်တပ်ဖွဲ့ဝင်ဦးရေမလုံမလောက်ရောက်ရှိလာသည်ဟု သမ္မတကာဇိုင်းက အပြစ်တင်လိုက်သည်။

ဟဲလ်မန်ပြည်နယ်မှ တာလီဘန်များကို မောင်းထုတ်ရန် မိမိတို့ဗြိတိန်တပ်များသည် အာဖဂန်နစ္စတန်အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်နေသည့်အတွက် သမ္မတကာဇိုင်း၏ ပြောဆိုချက်မှာ လက်ခံနိုင်စရာမရှိဟု ဗြိတိန်ဝန်ကြီးချုပ်မစ္စတာဘရောင်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။

အာဖဂန်နစ္စတန်သမ္မတ ကာဇိုင်းသည် ဆွစ်ဇာလန်နိုင်ငံ ဒေဗို့စ်၌ ပြုလုပ်သည့် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန်ရောက်ရှိစဉ် သတင်းထောက်များအား အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ **(အင်တာနက်)**

အင်ဒိုနီးရှား၌ ဟွန်ဒိုင်းကားစက်ရုံတည်မည်

တောင်ကိုရီးယား ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဟွန်ဒိုင်းမော်တော်ကားထုတ်လုပ်ရေး ကော်ပိုရေးရှင်းက အင်ဒိုနီးရှားနိုင်ငံ၌ အမေရိကန်ဒေါ်လာ သန်း၄၀ အကုန်အကျခံ၍ ထရပ်ကားနှင့် ဘတ်စ်ကားများ ထုတ်လုပ်ရန် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းစာတစ်စောင်က သောကြာနေ့တွင် ရေးသားဖော်ပြသည်။

အဆိုပါကားထုတ်လုပ်ရေးစက်ရုံမှ တစ်နှစ်လျှင် ထရပ်ကားစီးရေ ၁၀၀၀၀နှင့် ဘတ်စ်ကားစီးရေ ၁၅၀၀ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အစ္စရေးလေယာဉ်များ ဗုံးကြဲမှု ပါလက်စတိုင်း လေးဦးသေဆုံး

ဂါဇာကမ်းမြောင်ဒေသ ရာဖာမြို့တောင်ပိုင်း၌ သောကြာနေ့ အရုဏ်မလင်းမီ အစ္စရေးတို့က လေကြောင်းမှ နှစ်ကြိမ် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဟားမတ်စ် စစ်သွေးကြွသုံးဦးအပါအဝင် ပါလက်စတိုင်း လေးဦး သေဆုံးသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အစ္စရေးလေယာဉ်တစ်စင်းက အဆိုပါမြို့၌ ဟားမတ်စ်အဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသော ကားတစ်စီးကို လေကြောင်းမှ တိုက်ခိုက်သဖြင့် စစ်သွေးကြွနှစ်ဦး သေဆုံးသွားသည်ဟု ဆိုသည်။

လက်ဘနွန်၌အကြမ်းဖက်မှု ကုလသမဂ္ဂစိုးရိမ်ပူပန်

သောကြာနေ့ နံနက်ပိုင်းက လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့၌ ဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွား၍ အနည်းဆုံး ၁၀ဦး သေဆုံးသွားသည့်အတွက် အလွန်စိုးရိမ်ပူပန်မိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားလိုက်သည်။

ယင်းတိုက်ခိုက်မှုတွင် သေဆုံးသွားသော မိသားစုများနှင့် လက်ဘနွန် အစိုးရထံသို့လည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

ထိုင်းတောင်ပိုင်း၌ သံသယရှိသူများဖမ်းဆီး

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်ရှိ ကျေးရွာနှစ်ရွာကို ထိုင်းရဲနှင့် စစ်တပ်က သောကြာနေ့တွင် ဝင်ရောက်စီးနင်းပြီး အကြမ်းဖက်မှု သံသယရှိသူ ၁၂ဦးတို့အား ဖမ်းဆီးလိုက်သည်။

အဆိုပါ စီးနင်းဝင်ရောက်ဖမ်းဆီးသည့်ကျေးရွာများမှာ ချာနေးခရိုင်ဘန်လာလေးရွာနှင့် ရန်ဂေ့ခရိုင် ဘန်နိုကူဘိုကျေးရွာများဖြစ်သည်ဟု ဆိုသည်။

ဂျာမနီစီးပွားရေးလုပ်ငန်းများ တရုတ်နိုင်ငံသို့ ဝင်ရောက်လုပ်ကိုင်

ဂျာမနီ စီးပွားရေးလုပ်ငန်း ၂၀၀ ခန့် နှစ်စဉ် တရုတ်နိုင်ငံ၌ ဝင်ရောက်လုပ်ကိုင်နေကြောင်း ဂျာမနီထိပ်တန်း စီးပွားရေး အဖွဲ့အစည်းတစ်ရပ်က ကြာသပတေးနေ့တွင် ပြောကြားသည်။

ဈေးကွက် ကျယ်ပြန့်မှု၊ အလုပ်သမားပေါများမှုနှင့် ထုတ်လုပ်ကုန်ကျစရိတ် နည်းပါးခြင်းကြောင့် ဂျာမနီစီးပွားရေးလုပ်ငန်းများ အလုံးအရင်းဖြင့် ဝင်ရောက်လုပ်ကိုင်၍ တရုတ်နိုင်ငံသည် ကမ္ဘာ့ဖွံ့ဖြိုးမှုအရှိဆုံး နိုင်ငံဖြစ်လာနိုင်ကြောင်း ဂျာမနီ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းအသင်းက ကိုးကားပြောကြားသည်။

ဂမ်ဘီယာသမ္မတနိုင်ငံ

သတင်းအက်ဆေး

တိုး–ရေးသားသည်

ဂမ်ဘီယာသမ္မတနိုင်ငံသည် အာဖရိကတိုက်မှ အသေးငယ်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့သော်အာဖရိကတိုက်အနောက်ပိုင်းမှ အခြား အိမ်နီးချင်းနိုင်ငံများနှင့်မတူဘဲ လွတ်လပ်ရေးရပြီးကတည်းက ကာလရှည်ကြာစွာ တည်ငြိမ်မှုရှိနေသည့်နိုင်ငံ ဖြစ်သည်။

ဂမ်ဘီယာနိုင်ငံသူ နှစ်ဦးကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတည်ငြိမ်မှုရရှိနေခြင်းကြောင့် တိုင်းပြည်ကြွယ်ဝချမ်းသာသည်အထိကိုတော့ အကောင်အထည်ပေါ်မလာချေ။ ဂမ်ဘီယာမြစ်က နိုင်ငံကိုဖြတ်ပြီး တသွင်သွင်စီးဆင်းနေသော်ငြား စိုက်နိုင်ပျိုးနိုင်သော မြေအကျယ်အဝန်းက တစ်တိုင်းပြည်လုံး၏ ခြောက်ပုံတစ်ပုံသာရှိပြီး မြေဆီလွှာညံ့ဖျင်းမှုကြောင့် မြေပဲသီးနှံတစ်မျိုးတည်းသာ အဓိကစိုက်၍ အောင်မြင်သည်။

ဖွင့်ခဲ့

ရေကြောင်းလမ်းအတွက် အသုံးဝင်လှသည့် ဂမ်ဘီယာမြစ်တစ်လျှောက်တွင် ပေါ်တူဂီတို့သည် ကုန်သွယ်ရေးစခန်းများကို ၁၄၅၅ ခုနှစ်က ဖွင့်လှစ်ခဲ့သည်။

၁၈၈၉ခုနှစ်တွင် ဗြိတိန်နှင့်ပြင်သစ်တို့၏သဘောဖြင့်လက်ရှိနိုင်ငံနယ်နိမိတ်ကို ရေးဆွဲသတ်မှတ်ပေးသည်။ ၁၈၉၄ခုနှစ်တွင် ဂမ်ဘီယာသည် ဗြိတိသျှအစောင့်ရှောက်ခံနယ်မြေ ဖြစ်လာသည်။

လွတ်လပ်ရေး

၁၉၆၅ခုနှစ်တွင် လွတ်လပ်ရေးရရှိသည်။ ပထမဆုံး ဝန်ကြီးချုပ်မှာ ဒေါ်ဒါဂျာဝါရာဖြစ်သည်။ နောင်ငါးနှစ် အကြာ သမ္မတနိုင်ငံဖြစ်လာပြီး ဒေါ်ဒါဂျာဝါရာအား ဂမ်ဘီယာသမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။

၁၉၈၂ခုနှစ်တွင် ဂမ်ဘီယာနိုင်ငံနှင့်မြောက်ဘက်အိမ်နီးချင်း ဆီနီဂေါနိုင်ငံတို့သည် ဆီနီဂမ်ဘီယာဟူ၍ ဖက်ဒရေးရှင်းဖွဲ့လိုက်သည်။ သို့သော် ၁၉၈၉ခုနှစ်တွင် နှစ်နိုင်ငံပေါင်းစည်းမှုပြိုကွဲရသည်။ ဂမ်ဘီယာနိုင်ငံနှင့် ဆီနီဂေါနိုင်ငံတို့သည် ၁၉၉၁ခုနှစ်တွင် နှစ်နိုင်ငံချစ်ကြည်ရေးစာချုပ် ချုပ်ဆိုသည်။

၁၉၉၄ ခုနှစ်တွင် ဂမ်ဘီယာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ခေါင်းဆောင်ဖြစ်လာသူ ဂျာဝါရာဦးဆောင်သည့် အစိုးရကို ဗိုလ်ယာယာဂျမ်မေက အာဏာသိမ်းလိုက်သည်။ နောင်နှစ်နှစ်အကြာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲအနိုင်ရကာ မစ္စတာဂျမ်မေသည် ဂမ်ဘီယာသမ္မတအဖြစ် တာဝန်ယူသည်။

အရွေးခံရ

ယာယာဂျမ်မေသည် ၂၀၀၆ခုနှစ် စက်တင်ဘာလက ကျင်းပသည့် သမ္မတရွေးကောက်ပွဲတွင် တတိယအကြိမ်အဖြစ် ပြန်လည်အရွေးခံရသည်။ သမ္မတသက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ အာဏာရပြီးကတည်းက အဂတိလိုက်စားမှု စုံစမ်းစစ်ဆေးရန်နှင့် ပြည်သူ့ဘဏ္ဍာကဲ့ယူမှုများ ဖော်ထုတ်ရန် အဖွဲ့များဖွဲ့ပေးသည်။ သူ့လက်ထက်တွင် စာသင်ကျောင်းများ၊ ဆေးရုံများနှင့်လမ်းများ တိုးတက်ကောင်းမွန်လာသည်။ သို့သော် မီဒီယာကန့်သတ်ချုပ်ချယ်မှုများရှိသည်။

ဂမ်ဘီယာနိုင်ငံ၏ တရားဝင်အမည်မှာ ဂမ်ဘီယာသမ္မတနိုင်ငံဖြစ်ပြီး ၄၃၆၁ စတုရန်းမိုင် ကျယ်ဝန်းကာ ပြည်သူ ၁ဒသမ ၅သန်း မှီတင်းနေထိုင်သည့် နိုင်ငံငယ်လေးဖြစ်သည်။

အခက်ကြုံ

ဤနိုင်ငံသည် မြေပဲကို ပြည်ပသို့ တင်ပို့ရောင်းချမှုအပေါ် အဓိကမှီခိုအားထားနေရသည့် နိုင်ငံဖြစ်သည်။ ထို့ကြောင့်ပင် မြေပဲအထွက်နည်းလျှင် နည်းသလောက်၊ ကမ္ဘာ့မြေပဲဈေးနှုန်းကျဆင်းလျှင် ကျဆင်းသလောက် အခက်အခဲ အကျပ်အတည်းနှင့် ကြုံတွေ့ရသည်။

ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်နေကြသည့် ဂမ်ဘီယာနိုင်ငံသားများက ပြန်ပို့သည့်ငွေနှင့် ခရီးသွားလုပ်ငန်းမှ ရရှိသည့်ငွေများမှာ နိုင်ငံခြားငွေ ရပေါက်များဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည်အများစုသည် ဂမ်ဘီယာနိုင်ငံ အတ္တလန္တိတ်ကမ်းခြေတွင်ရှိသော အပန်းဖြေစခန်းများကို သွားရောက်လေ့ရှိကြသည်။

ကုသနိုင်

ကမ္ဘာပေါ်၌ ပျံ့နှံ့ခြိမ်းခြောက်လျက်ရှိသော အေအိုင်ဒီအက်စ်ရောဂါဆိုးမှာ ကုရာနတ္တိဆေးမရှိဟု ကြွေးကြော်ချိန်တွင် ဂမ်ဘီယာသမ္မတကြီးဂျမ်မေက ပျောက်အောင်ကုသနိုင်ကြောင်း အခိုင်အမာပြောနေသည်။

သမ္မတဂျမ်မေသည် ဆင်းရဲသည့်ဂမ်ဘီယာနိုင်ငံကို ရေနံထွက်သော ချမ်းသာကြွယ်ဝသည့်နိုင်ငံအဖြစ် ပြောင်းလဲပစ်လိုသည်။ သို့မှသာလျှင် တိုင်းပြည်၏ ပန်းခင်းသော အနာဂတ်လမ်းကို ဖွင့်လှစ်နိုင်မည် မဟုတ်ပါလား။ သို့သော် ဂမ်ဘီယာသမ္မတနိုင်ငံ တစ်နံတစ်လျားတွင် ယခုအထိတော့ ရေနံရှာဖွေမတွေ့ရှိသေးဟု ဆိုပါသည်။ ။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❑ အမေရိကန်နိုင်ငံ လပ်စ် ဗီး ဂတ်စ်မြို့ မွန်တီကာလိုဟိုတယ်၌ ဇန်နဝါရီ ၂၅ ရက် နံနက် ၁၁ နာရီက မီးလောင်မှု ဖြစ်ပွားခဲ့သော်လည်း ထိခိုက်မှု မရှိခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

■ **ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဇန်နဝါရီ၂၆ရက်က လူ၄၀တင်ဆောင်လာသော ဘတ်စ်ကားတစ်စီး တောင်စောင်း၌ တိမ်းမှောက်ခဲ့ရာ ကိုးဦးသေဆုံးပြီး ၂၀ကျော်ဒဏ်ရာရခဲ့သည်။**

❑ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့အနောက်မြောက်ဘက် ကီလိုမီတာ ၁၁၀အကွာ ဆီရက်ဂန်ဒေသတွင် ဇန်နဝါရီ ၂၆ရက်က အအေးလှိုင်းကျရောက်မှုကြောင့် ငါးဦးသေဆုံးခဲ့သည်။

■ **အင်ဒိုနီးရှားအရှေ့ပိုင်းတွင် ဇန်နဝါရီ၂၅ရက်နံနက်ပိုင်းက အင်အား ၅ဒသမ၅ ရစ်ချ်တာစကေးရှိ ငလျင်လှုပ်သွားခဲ့သည်။**

❑ ဖိလစ်ပိုင်နိုင်ငံ လေတီပြည်နယ်အရှေ့ပိုင်း ကမ်းရိုးတန်းတွင် ဇန်နဝါရီ ၂၅ ရက်စောစောပိုင်းက ငါးဖမ်းစက်လှေတစ်စင်း နစ်မြုပ်သွားခဲ့ရာ ရေလုပ်သားလေးဦး ပျောက်ဆုံးနေသည်။

■ **အင်္ဂလန် နိုင်ငံ လန်ဒန် မြို့လယ်ရှိ စီးပွားရေးအချက်အချာ ကျသော ဒေသ၌ အမိုးချွန် သဏ္ဌာန်ရှိ စားသောက်ဆိုင် တစ်ဆိုင် ပြုပြင်မွမ်းမံပြီးနောက် ဇန်နဝါရီ ၂၆ ရက်က ပြန်လည် ဖွင့်လှစ်ခဲ့သည်။** (ယာပုံ)

❑ ဂျော်ဒန်နိုင်ငံမြောက်ပိုင်း မြို့တော်အိုင်ဘစ်နှင့် အမ္မန်မြို့အကြားတွင် ဇန်နဝါရီ ၂၆ရက်က ဘတ်စ်ကားတစ်စီးနှင့် စက်သုံးဆီတင်ကားတစ်စီးတို့တိုက်မိကြရာ လူ ၂၀သေဆုံးခဲ့သည်။

ဘဝ ဒဿန အမြင်

* ***Forget injures, never forget kindnesses.***
နာကျင်မှုကို မေ့ပျောက်ပစ်ပါ။ ကြင်နာမှုကို အစဉ်သတိရပါ။

ကွန်ဖြူးရှပ်စ်(အတွေးအခေါ်ပညာရှင်)

* ***Time cancels young pain.***
အချိန်ဆိုတဲ့သမားတော်က နာကျင်မှုကို ကုစားပါလိမ့်မယ်။

ယူရီပီဒက်စ်(ဂရိပြဇာတ်စာရေးဆရာ)

စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဦးစားပေးထူထောင် သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများထူထောင်နိုင်ရေး ဦးတည်ကြိုးပမ်း

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခင်းကျင်းစီစဉ်ပြသထားသည့် ဝန်ကြီးဌာနများ၏ ပြခန်းများ၊ စက်မှုဇုန်များ၏ ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❒ **ရှေ့ဖုံးမှ**

အစည်းအဝေးသို့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ ဖြစ်ကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဝင်များနှင့် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်၌ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန် ၁၈ ဇုန်၊ ဇုန်ခွဲ ၂၈ ခု၌ တာဝန်ခံဝန်ကြီးများကို တာဝန်ပေးပြီး လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် မပြတ် ထိတွေ့ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိခြင်းကြောင့် တိုးတက်အောင်မြင်မှုများကိုလည်း မြင်တွေ့နေရပြီဖြစ်ကြောင်း။

ဦးတည်ချက်(၅)ရပ်

နိုင်ငံတော်အနေဖြင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဦးတည်ချက်(၄)ရပ်ချမှတ်ပြီး တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အကြီးအကဲက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုထုတ်ကုန်များ၏ အရေအတွက်နှင့် အရည်အသွေးတိုးတက်မြင့်မားရေး၊ စက်ကိရိယာအမယ်သစ်များ တိုးတက်ထုတ်လုပ်ရေး၊ စက်မှုလုပ်ငန်းသုံး စက်ကိရိယာများ ထုတ်လုပ်နိုင်ရေးနှင့် နိုင်ငံတော်ကို စက်မှုနိုင်ငံအဖြစ် ပြောင်းလဲနိုင်ရန်အတွက် အခြေခံကောင်းများ ရရှိနိုင်ရေး ဦးတည်ချက်(၅)ရပ် ချမှတ်ပေးခဲ့ကြောင်း။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် စက်မှုဇုန်များ တိုးတက်လာစေရန်အတွက် နိုင်ငံတော်အနေဖြင့် ခေတ်မီစက်ကိရိယာများ သုံးစွဲတတ်အောင် ကျွမ်းကျင်မှုအကူအညီများပေးနေသကဲ့သို့ စက်ကိရိယာပစ္စည်းများ ဝယ်ယူတပ်ဆင်နိုင်အောင်လည်း ငွေရေးကြေးရေး အကူအညီများပေးခဲ့ကြောင်း၊ တွင်ခုံ၊ ဖောက်ခုံ၊ သံဖြတ်လွှစက်နှင့် CNC Machine များကို စက်မှုဇုန်များ၌ အသုံးပြုနိုင်စေရန်နှင့် လယ်ယာသုံးစက်ပစ္စည်းနှင့် မော်တော်ယာဉ်အပိုပစ္စည်းများ ထုတ်လုပ်မှုတွင် အခြေခံကျသည့် သံနှင့် သံထည်ပစ္စည်းများ သွန်းလောင်းခုတ်စားမှုလုပ်ငန်းကို ပိုမိုခေတ်မီလာစေရန်အတွက် မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်၊ တောင်ကြီး အေးသာယာစက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံထောင်း၊ သံခုတ်စားစက်ရုံများနှင့် ရန်ကုန်မြို့၌ Mould နှင့် Die Machine စက်ရုံများစသည့် အတိုင်းအတာတိတိကျကျ ထုတ်လုပ်ပေးနိုင်သော အလုပ်ရုံများကို နိုင်ငံတော်က အားပေးထူထောင်ပေးခဲ့ကြောင်း။

တွဲဖက်ထူထောင်

မန္တလေး၊ မုံရွာ၊ တောင်ကြီးအေးသာယာစက်မှုဇုန်တို့၌ လုပ်ငန်းများလည်ပတ်နိုင်ရန် ကုမ္ပဏီများ တွဲဖက်ထူထောင်ပေးပြီးအားပေးခဲ့ကြောင်း၊ ယခုဆိုလျှင် ကုမ္ပဏီများ၌ အစုရှယ်ယာထည့်ဝင်မှု ကျပ်သန်း ၆၂၇၈သန်း ရရှိခဲ့ပြီး လုပ်ငန်းများလည်း လည်ပတ်နေပြီဖြစ်ကြောင်း၊ ယင်းစက်မှုဇုန်များအနေဖြင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်ကုန်ထုတ်လုပ်မှု ၁၄၈၈ကျပ်သန်းဖိုးခန့်ရှိခဲ့ပြီး ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ဒီဇင်ဘာအထိ ကျပ်သန်း ၁၄၄၀ ခန့် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်ထည့်ဝင်ငွေများကို ပြန်လည်ပေးဆပ်နေပြီဟုလည်း သိရကြောင်း။

ယခုကဲ့သို့ တိုးတက်မှုများရရှိနိုင်ရန်အတွက် ထိထိရောက်ရောက် လက်တွေ့ကျကျ ပေါင်းစပ်ညှိနှိုင်းပေးမည့် လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်ရေးဆပ်ကော်မတီ၊ မော်တော်ယာဉ်ထုတ်လုပ်မှုကြီးကြပ်ရေးဆပ်ကော်မတီ၊ သံနှင့်သံမဏိထုတ်လုပ်မှုဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ ဓာတုဗေဒနည်းပညာဖွံ့ဖြိုး တိုးတက်ရေးဆပ်ကော်မတီ၊ စက်မှုလက်မှုသုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာ ဖြန့်ချိရေးဆပ်ကော်မတီ စသည်ဖြင့် ဆပ်ကော်မတီ၁၀ခုကို ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်စေခဲ့ကြောင်း။

သိသိသာသာတိုးတက်

ယင်းကဲ့သို့ ဖွဲ့စည်းဆောင်ရွက်မှုကြောင့် သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းဖြစ်သည့် လက်တွန်းထွန်စက်ထုတ်လုပ်မှုလုပ်ငန်း၊ လယ်ယာသုံးကုန်တင်ယာဉ်ငယ် ထုတ်လုပ်မှုလုပ်ငန်း၊ နှစ်ဘီး သုံးဘီး မော်တော်ဆိုင်ကယ်ထုတ်လုပ်မှုလုပ်ငန်း၊ ဘတ်စ်ကားနှင့် ကုန်တင်ကားထုတ်လုပ်မှုလုပ်ငန်း၊ ဆန်စက်ငယ်နှင့် ရေအားလျှပ်စစ် တာဘိုင်အငယ်စားထုတ်လုပ်မှုလုပ်ငန်းများ၊ ဓာတုဗေဒသုံး စက်အရန်ပစ္စည်းများအပါအဝင် ဓာတုဗေဒပစ္စည်းအမျိုးမျိုးထုတ်လုပ်သော လုပ်ငန်းများ သိသိသာသာ တိုးတက်နေပြီဖြစ်ကြောင်း။

စက်မှုဇုန်များအနေဖြင့် ဒေသတစ်ခုနှင့်တစ်ခု အနေအထားချင်းမတူညီသကဲ့သို့ Industrial Talentချင်းလည်း မတူညီခြင်းကြောင့် စက်မှုဇုန်အလိုက် အပြန်အလှန်အထောက်အကူပြုပြီး တိုးတက်အောင် နည်းလမ်းများရှာဖွေကြရမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များ၏အခြေခံအားကိုရယူပြီး ပုဂ္ဂလိက စက်မှုလုပ်ငန်းကို တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များသည် စုစုစည်းစည်းနှင့် နိုင်ငံတော်၏ထိုက်တန်သည့် အားပေးထောက်ပံ့မှုများ၊ စောင့်ရှောက်မှုများလည်း ရရှိခံစားနေကြရပြီဖြစ်သည့်အတွက် နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်လမ်းကြောင်းအတိုင်း ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခင်းကျင်းစီစဉ်ပြသထားသည့် ဝန်ကြီးဌာနများ၏ ပြခန်းများ၊ စက်မှုဇုန်များ၏ ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဝိုင်းဝန်းအားပေး

ထို့အပြင် အငယ်စားနှင့်အလတ်စားစက်မှုလုပ်ငန်းများသည် စက်မှုကဏ္ဍတွင် အများစုပါဝင်ပြီး အရင်းအနှီးနှင့်အတတ်ပညာအားနည်းသည့် ပုဂ္ဂလိကလုပ်ငန်းငယ်အများစု လုပ်ကိုင်နေသောလုပ်ငန်းများဖြစ်ကြောင်း၊ အသေးစားအလတ်စားစက်မှုလုပ်ငန်းငယ်များကို ပြုစုပျိုးထောင်အားပေးရမည်ဖြစ်သကဲ့သို့ နည်းလမ်းမျိုးစုံရှာဖွေပြီး စနစ်တကျနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများကပါ ဝိုင်းဝန်းအားပေးလိုက်မည်ဆိုလျှင် စက်မှုကဏ္ဍထုတ်လုပ်မှုသည် သိသိသာသာ တိုးတက်လာမည်ဖြစ်ကြောင်း၊ ဤလုပ်ငန်းငယ်ကလေးများ၏အားသည် ပေါင်းစပ်နိုင်လျှင် ပေါင်းစပ်နိုင်သကဲ့သို့ကြီးမားပြီး အခြေခံလည်းကျခြင်းကြောင့် ဤအခြေခံကောင်းကို အင်အားကောင်းလာအောင် စနစ်တကျအချင်းချင်း ချိတ်ဆက်မှုရှိရှိဖြင့် တိုးတက်လာအောင် ဝိုင်းဝန်းအားပေးကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ နိုင်ငံတော်ရဲ့ စီးပွားရေးဟာ စိုက်ပျိုးရေးကို အခြေခံထားတဲ့အတွက် စိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ရမှာ မှန်ပေမယ့် စက်မှုလုပ်ငန်းများ ထူထောင်နိုင်ရန် အတွေးအမြင်များထားရှိရန်လိုကြောင်း၊ Agrobased Industry, Woodbased Industry တို့ကို ထူထောင်နိုင်အောင် တွေးခေါ်ကြံဆလုပ်ကိုင်သွားရန်၊ လမ်းညွှန်ချက်နှင့်အညီ ယခုဆိုလျှင် သစ်အချောထည် ထုတ်လုပ်မှုလုပ်ငန်း Woodbased Industry သည် ပို့ကုန်စက်မှုလုပ်ငန်းအဖြစ် အဆင့်မြင့်မြင့် တိုးတက်နေသည်

27-1 (08) 1 1/27/08, 2:59 AM

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခင်းကျင်းစီစဉ်ပြသထားသည့် ဝန်ကြီးဌာနများ၏ ပြခန်းများ၊ စက်မှုဇုန်များ၏ ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကိုလည်း တွေ့မြင်နေရပြီဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများအနက် စားသောက်ကုန်အခြေခံစက်မှုလုပ်ငန်းများသည် အရေအတွက်အရ ၆၄ ဒသမ ၇၇ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း။

ဦးတည်ဆောင်ရွက်

ပြည်ပကတင်သွင်းလာသည့် စားသောက်ကုန်ပစ္စည်းတော်တော်များများသည် မိမိနိုင်ငံ၌ ထွက်နေသည့် သီးနှံကုန်ကြမ်းမျိုးများကိုပင် အခြေခံပြီးထုပ်ပိုးပစ္စည်းကောင်းကောင်းဖြင့် ဈေးကွက်ဝင်အောင်ပြုပြင်ပြီး တင်သွင်းရောင်းချနေခြင်းဖြစ်၍ မိမိလုပ်ငန်းရှင်များကို အလားတူ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်နိုင်ပါက ပြည်ပကိုယိုစိမ့်သွားမည့် နိုင်ငံခြားငွေကို ဆယ်တင်နိုင်မည့်အပြင် ပြည်ပဈေးကွက်သို့ပါ ဈေးကွက်ချဲ့နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လူဦးရေထူထပ်များပြားပြီး စားသုံးမှုဈေးကွက်ကြီးမားသည့် အိမ်နီးချင်းနိုင်ငံကြီးများနှင့် နီးကပ်စွာတည်ရှိနေသည့်အတွက် လယ်ယာကဏ္ဍအခြေပြု ထွက်ကုန်များကို စက်မှုကဏ္ဍနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြင့်စားသောက်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေး ဦးတည်ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ ဤအချက်သည် နိုင်ငံတော်အကြီးအကဲ၏ စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လမ်းညွှန်ချက်နှင့်အညီ ဒေသတွင်းလက်ရှိအခြေအနေနှင့်ပါ ကိုက်ညီခြင်းကြောင့် အလေးထားအားပေး ဆောင်ရွက်သင့်ကြောင်းပြောကြားလိုကြောင်း၊ နိုင်ငံပိုင်စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများကို ပြည်တွင်း၌ပင် တတ်နိုင်သမျှ ထုတ်လုပ်နိုင်ရန် ဝန်ကြီးဌာနအလိုက် လိုအပ်သည့် စက်အရန်ပစ္စည်းများကို ခင်းကျင်းပြသခဲ့ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် စက်မှုဇုန်ပုဂ္ဂလိကလုပ်ငန်းများ၏ ပေါင်းစပ်အားထုတ်မှုကြောင့် စက်အရန်ပစ္စည်းအမယ်သစ်များ ပြည်တွင်း၌ တိုးချဲ့ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

တန်ဖိုးမြင့်ကုန်ပစ္စည်းများ

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် ပုဂ္ဂလိကပါဝင်မှု ၉၀ ရာခိုင်နှုန်းကျော်ရှိသည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် တိုင်းရင်းသားလုပ်ငန်းရှင်များကို နိုင်ငံတော်အနေဖြင့် အဆက်မပြတ်အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတစ်ဦးချင်းစီ ဝင်ငွေတိုးတက်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများတိုးပွားရေး၊ နိုင်ငံအတွက်ရေရှည်အကျိုးရှိမည့် နည်းပညာများရရှိရေး၊ ပြည်တွင်း၌ နည်းပညာပြန့်ပွားရေး၊ နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များ သီးနှံထွက်ကုန်ကြမ်းများကို အသုံးပြု၍ တန်ဖိုးမြင့်ကုန်ပစ္စည်းများထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး၊ ပြည်ပကတင်သွင်းနေသောပစ္စည်းအချို့ကို ပြည်တွင်းထုတ်ကုန်များဖြင့် အစားထိုးပြီး နိုင်ငံခြားငွေသုံးစွဲမှုသက်သာစေရေးတို့အတွက် စက်မှုကုန်ထုတ်လုပ်ငန်းများကို ပုဂ္ဂလိကနှင့်နိုင်ငံတော်အစိုးရ အချိတ်အဆက်မိမိ ဖော်ထုတ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အားထုတ်ကြိုးပမ်းမှုနှင့်အတူ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင် မြေ၊ ရေ၊ လေထုအတွင်း ညစ်ညမ်းမည့်အန္တရာယ်၊ လူသားများကို ဘေးသင့်စေမည့်အန္တရာယ်များ မဖြစ်ပေါ်အောင် သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် စက်မှုလုပ်ငန်းများ၌ မသုံးမဖြစ်လိုအပ်သည့် လောင်စာဆီအပါအဝင် စွမ်းအင်အမျိုးမျိုးကို သုံးစွဲကြရာတွင် ဖြုန်းတီးမှုမရှိစေဘဲ အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေးအတွက် ကြပ်မတ်ရမည့်နည်းတူ Energy Saving Technology များကိုလည်း တတ်နိုင်သမျှ ရယူနိုင်ရန် ကြံဆကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ဒီဇယ်၊ ဓာတ်ဆီများသည် ကမ္ဘာ့ပေါက်ဈေးမြင့်တက်နေပြီး နောင်တွင်လည်း ထိန်းချုပ်ထားနိုင်မည့် အခြေအနေမရှိသည့်အတွက် ဇီဝလောင်စာဆီများဖြင့် အစားထိုးနိုင်ရေးကိစ္စကို လုပ်ငန်းရှင်များအားလုံးက အလေးထားဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ ဇီဝလောင်စာ (Biofuel) ထုတ်လုပ်နိုင်ရန်အတွက် ကြက်ဆူစိုက်ပျိုးရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်နယ်နှင့်တိုင်းအသီးသီး၌ စီမံချက်ဖြင့် စိုက်ပျိုးဆောင်ရွက်နေသကဲ့သို့ အီသနောထုတ်လုပ်နိုင်ရန်အတွက်လည်း ကြံကိုတိုးချဲ့စိုက်ပျိုးရန် အားပေးခဲ့သည့်အတိုင်း ယခုအခါ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးအောင်မြင်နေပြီဖြစ်ကြောင်း၊ တစ်ဆက်တည်း ကြက်ဆူဆီနှင့် အီသနောအသုံးပြုလည်ပတ်နိုင်သည့် စက်ကိရိယာများ၊ ယာဉ်များ၊ ဓာတ်အားပေးစက်များ ထုတ်လုပ်နိုင်ရေးအတွက် ဆက်လက်တီထွင်ကြံဆပေးကြရန် နှိုးဆော်လိုကြောင်း။

လေ့ကျင့်ပျိုးထောင်

စက်မှုလုပ်ငန်းများ တိုးချဲ့နိုင်ရေးဆောင်ရွက်သည့်နေရာ၌ ရေတိုအနေဖြင့် ပြည်တွင်းသယံဇာတကိုအခြေခံသည့် သွင်းကုန်အစားထိုးစက်မှုထုတ်ကုန်သာမက ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်စွမ်းရှိသည့် ပို့ကုန်ကိုများပါ ထုတ်လုပ်သွားနိုင်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ရေရှည်တွင် လျှပ်စစ်စွမ်းအား တိုးမြှင့်ထုတ်လုပ်ရေး၊ စွမ်းအင်အလုံအလောက်ရရှိရေး၊ နည်းပညာများရယူအသုံးပြုပြီး ကုန်ထုတ်လုပ်မှုနှင့် အရည်အသွေးမြှင့်တင်နိုင်ရေး၊ ကျွမ်းကျင်ပညာရှင်များ လေ့ကျင့်ပျိုးထောင်ပြုစုရေး၊ ငွေကြေးနှင့် အရင်းအနှီးစုဆောင်းနိုင်ရေး စသည်များကို စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဤကဲ့သို့ ဆောင်ရွက်သည့်အခါတွင် နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးနေသကဲ့သို့ လုပ်ငန်းရှင်များအပိုင်း၊ ပညာရှင်များ၊ သုတေသနပညာရှင်များအပိုင်းတို့ကလည်း အချိတ်အဆက်မိမိဖြင့် ပူးပေါင်းဆောင်ရွက်ပြီး စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် ဘက်ပေါင်းစုံကကြိုးပမ်းပေးကြစေလိုကြောင်း၊ ဤနေရာတွင်စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်သည့် ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်သော စီမံခန့်ခွဲရေးဝန်ထမ်းများ၊ ဘဏ္ဍာရေးနှင့် ဈေးကွက်ကျွမ်းကျင်သူများအား လေ့ကျင့်ပျိုးထောင်ရန် စာတွေ့လက်တွေ့သင်တန်းများ စီမံဖွင့်လှစ်ရမည့်အပြင် ဈေးကွက် ရှိသည့် ပစ္စည်းအမယ်များကို အတုယူမှိုငြမ်းထုတ်လုပ်နိုင်ရန်အတွက် Reverse Engineering ကို ထိထိရောက်ရောက်အသုံးပြုနိုင်ရန် ကျွမ်းကျင်သူများမွေးထုတ်ခြင်း၊ အထောက်အကူပြုဓာတ်ခွဲခန်းများ ထူထောင်ပေးခြင်း စသည်များကိုပါ စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ပြခန်းများ ကြည့်ရှုအားပေး

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခင်းကျင်းစီစဉ်ပြသထားသည့် ဝန်ကြီးဌာနများ၏ ပြခန်းများ၊ စက်မှုဇုန်များ၏ ပြခန်းများကို ကြည့်ရှု အားပေးစဉ်။ (သတင်းစဉ်)

ရေရှည်အကျိုးစီးပွား

နိုင်ငံတော်အနေဖြင့် ပြည်ပကရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး စက်မှုအခြေခံလုပ်ငန်းများအတွက် စီးပွားရေးအခွင့်အလမ်းသစ်များ တိုးတက်ပွင့်လင်းလာစေရန် အထူးစီးပွားရေးဇုန်နှင့် အထူးစက်မှုဇုန်များအဖြစ် ထူထောင်ပြီးရင်းနှီးမြှုပ်နှံသူများကို ဥပဒေအရအာမခံပေးနိုင်ရန်ကိုလည်း မြန်မာ့အထူးစီးပွားရေးဇုန် ဥပဒေမူကြမ်းနှင့် နည်းဥပဒေများကိုတစ်ပြိုင်တည်းရေးဆွဲနေပြီဖြစ်သည့်အတွက် နိုင်ငံတော်အပိုင်းအနေဖြင့် ရေရှည်အကျိုးစီးပွားကိုရည်မှန်းပြီး အဘက်ဘက်က စဉ်းစားစီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း အသိပေးလိုကြောင်း။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန် ဖွဲ့စည်းပေးထားသော မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာ့စက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာ့သစ်နှင့် သစ်တောထွက်လုပ်ငန်းရှင်များအသင်း၊ မြန်မာ့စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်လုပ်ငန်းရှင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းနှင့် နိုင်ငံအတွင်းရှိ လုပ်ငန်းရှင်များအားလုံး ချိတ်ဆက်မိမိပူးပေါင်းပြီး အပြန်အလှန်ဆွေးနွေး ညှိနှိုင်းပေါင်းစပ်၍ နိုင်ငံတော်၏ စက်မှုကဏ္ဍတိုးတက်ရေးအတွက် အစွမ်းကုန် ဆောင်ရွက်ကြိုးပမ်းပေးကြပါဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် စက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ရှင်းလင်းတင်ပြရာတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော် အကြီးအကဲ လမ်းညွှန်ချမှတ်ပေးခဲ့သည့် ဦးတည်ချက်(၅)ရပ်နှင့်အညီ မျက်ခြည်မပြတ် တစိုက်မတ်မတ် အလေးထားအကောင်အထည်ဖော် စီမံဆောင်ရွက်ခဲ့ပါကြောင်း။

အခြေအနေပေးသည်နှင့်အမျှ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ပြီး စက်မှုဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များ ချမှတ်ခြင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်အသိပညာရှင်၊ အတတ်ပညာရှင်များထံမှ အကြံဉာဏ်များရယူခြင်း၊ သက်ဆိုင်ရာ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီများနှင့် စက်မှုလုပ်ငန်းရှင်များအား ဖိတ်ခေါ်ဆွေးနွေး၍ လိုအပ်ချက်များတင်ပြစေခြင်း၊ လိုအပ်ချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများက ဖြည့်ဆည်းပေးနိုင်ရန် ညှိနှိုင်းစီမံပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ပေါင်းစပ်ညှိနှိုင်း

ယခင်ကျင်းပခဲ့သည့် စက်မှုလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ၏ ရလဒ်အနေဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင်ထားရှိရမည့် အခြေခံရည်မှန်းချက်များကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ရေးမူဝါဒကို ဆက်လက်ပံ့ပိုးသွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားပြီး စီးပွားဖွံ့ဖြိုးတိုးတက်စေရေး Value Added Products များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးစသည့် ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဆက်လက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးစားပေးပြီးဆောင်ရွက်သင့်သည့် လုပ်ငန်းများကိုလည်း ရွေးချယ်သတ်မှတ်ပေးထားပြီး ဖြစ်ပါကြောင်း၊ ယင်းတို့မှာ စိုက်ပျိုးရေးထွက်ကုန် အခြေခံစက်မှုလုပ်ငန်းများနှင့် သစ်တော၊ သားငါး၊ သတ္တုကဏ္ဍထွက်ကုန်ပစ္စည်းများ အခြေခံစက်မှုလုပ်ငန်းများဖြစ်ပါကြောင်း။

ဇီဝလောင်စာ

နောင်အနာဂတ်ကို မျှော်မှန်းပြီး ဒီဇယ်ဆီ၊ ဓာတ်ဆီအစားထိုး ဇီဝလောင်စာ ထုတ်လုပ်သုံးစွဲနိုင်ရန် စက်မှုလုပ်ငန်းများ ထူထောင်ရန်လည်း မျှော်မှန်းထားပါကြောင်း၊ ခြစည်းရိုးကြက်ဆူဆီ အသုံးပြု Bio Diesel ထုတ်လုပ်ရေးစက်ရုံများ တည်ဆောက်ရန် ပြည်ပကုမ္ပဏီများက ကမ်းလှမ်းဆွေးနွေးမှုများရှိသည့်အတွက် တွေ့ဆုံဆွေးနွေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးသီးနှံမှ လောင်စာဆီထုတ် လုပ်သုံးစွဲနိုင်ရေးအတွက် အက်သနောကို အမြောက်အမြားထုတ်လုပ်ရန် လိုအပ်လာပါကြောင်း၊ အက်သနောထုတ်လုပ်ရန် အဓိကဖြစ်သည့် ကြံကိုအမြောက်အမြား စိုက်ပျိုးရေးကိုလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များအား ခွင့်ပြုအားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အက်သနောထုတ်လုပ်မှုနည်းပညာရရှိရေးနှင့် စက်ရုံများတည်ဆောက်

နိုင်ငံပိုင်စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများကို ပြည်တွင်း၌ပင် တတ်နိုင်သမျှ ထုတ်လုပ်နိုင်ရန် ဝန်ကြီးဌာနအလိုက် လိုအပ်သည့် စက်အရန်ပစ္စည်းများကို ခင်းကျင်းပြသခဲ့ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် စက်မှုဇုန်ပုဂ္ဂလိကလုပ်ငန်းများ၏ ပေါင်းစပ်အားထုတ်မှုကြောင့် စက်အရန်ပစ္စည်းအမယ်သစ်များ ပြည်တွင်း၌ တိုးချဲ့ထုတ်လုပ်နိုင်။

ရေးကိစ္စရပ်များအတွက်လည်း အတတ်ပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကြံသီးနှံအပြင် အက်သနောထုတ်လုပ်နိုင်မည့် ပီလောပီနံ၊ ပြောင်းဖူးများစိုက်ပျိုးရေးအတွက်လည်း စိုက်ပျိုးမြေနေရာများ ချထားပေးပြီး တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်ကိုင်းတိုင်းအတွင်း တစ်နှစ်လျှင် အက်သနောဂါလန် ၈ ဒသမ ၁၂၅ သန်း ထုတ်လုပ်နိုင်မည့် စက်ရုံဆိုလျှင် လာမည့်လ အနည်းငယ်အတွင်း ထုတ်လုပ် ဖြန့်ဖြူးတော့မည်ဖြစ်ပါကြောင်း၊ အလားတူ စက်ရုံတစ်ရုံကိုလည်း ကသာခရိုင်၌ တည်ဆောက်နေပြီဖြစ်ပါကြောင်း။

စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းပြီး မန္တလေး၊ မုံရွာနှင့် တောင်ကြီးစက်မှုဇုန်တို့၌ သံရည်ကျို၊ ပုံလောင်း၊ ပုံထောင်း၊ ပုံဖိစက်ရုံများကို နိုင်ငံတော်က ကမကထပြု၍ တည်ထောင်ပေးခဲ့ပါကြောင်း၊ ယင်းစက်ရုံများက စီးပွားဖြစ် ကုန်ထုတ်လုပ်မှုကိုလည်း ဆောင်ရွက်ကြပြီးဖြစ်ပါကြောင်း။

မိုနှင့်ဒိုင်စက်ရုံ

သံရည်ကျို၊ ပုံလောင်းစက်ရုံများနှင့် တစ်ဆက်တည်း စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သည့် မိုနှင့်ဒိုင်များ ထုတ်လုပ်ပေးနိုင်မည့် မိုနှင့်ဒိုင်စက်ရုံထူထောင်ရန်လည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုနှင့်ဒိုင်လုပ်ငန်း အတွေ့အကြုံရှိပြီးဖြစ်သည့် Fair Sun Industry Co.,Ltd. နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လိုအပ်သည့် ခေတ်မီ CNC စက်များကို တပ်ဆင်ကာ နိုင်ငံတကာစံချိန်မီ အရည်အသွေးမြင့်မားသော မိုနှင့်ဒိုင်များကို စက်မှုလုပ်ငန်းများအတွက် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ပါကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁

စာမျက်နှာ ၉ မှ

ထို့အပြင် ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးပွားရေးကို ဦးတည်ပြီး အခြေအနေပေးသည့် စက်မှုဇုန်များ၌ မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များကိုထုတ်လုပ်ခွင့်ပြုခဲ့ရာ အတော်အတန် တိုးတက်မှုရရှိလာခဲ့ပါကြောင်း၊ ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်မှုအတွက် အဓိကကျသည့် ယာဉ်များကို တိုးတက်ထုတ်လုပ်လာစေရန် အားပေးဆောင်ရွက်မှုကြောင့် တိုးတက်လာခြင်းပင်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

မော်တော်ယာဉ်ထုတ်လုပ်မှု

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ဆွေးနွေးတင်ပြရာ၌ စက်မှုဇုန်များ၏ မော်တော်ယာဉ်ထုတ်လုပ်မှုကို လေ့လာသုံးသပ်ပါက ၂၀၀၇-၂၀၀၈ ခုနှစ် မော်တော်ယာဉ်ထုတ်လုပ်မှု အများဆုံးထုတ်လုပ်မှုအနေဖြင့် ဂျစ်ကားထုတ်လုပ်မှုတွင် မန္တလေးစက်မှုဇုန်မှ ၁၉၃၈စီး၊ မိတ္ထီလာစက်မှုဇုန်မှ အစီး ၄၂၀၊ တောင်ကြီးစက်မှုဇုန်မှ ၃၀၉ စီးဖြင့် အများဆုံးထုတ်လုပ်နိုင်သည်ကို တွေ့ရပါကြောင်း၊ ထရပ်ကားထုတ်လုပ်မှုတွင် မန္တလေးစက်မှုဇုန်မှ ၁၈၃၂ စီး၊ တောင်ဒဂုံ(၂)စက်မှုဇုန်မှ ၁၁၄၃ စီး၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်မှ ၇၇၇ စီး ထုတ်လုပ်နိုင်ပါကြောင်း၊ မော်တော်ဆိုင်ကယ်ထုတ်လုပ်မှုတွင် ရေနံချောင်းစက်မှုဇုန်မှ အစီး၆၀၀၀၊ ပခုက္ကူစက်မှုဇုန်မှ အစီး၃၀၀၀နှင့် သုံးဘီးမော်တော်ဆိုင်ကယ်ထုတ်လုပ်မှုတွင် မန္တလေးစက်မှုဇုန်မှ အစီး၁၀၀၀၊ ရေနံချောင်းစက်မှုဇုန်မှ

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီးဦးအောင်သောင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အစီး ၅၉၀ ထိ တိုးတက်ထုတ်နိုင်ခဲ့ပါကြောင်း၊ ၃ တန်အထက်ထရပ်ကားထုတ်လုပ်မှုတွင် မန္တလေးစက်မှုဇုန်မှ ၇၉ စီး၊ တောင်ဒဂုံ(၂)စက်မှုဇုန်မှ အစီး ၆၀ ထုတ်နိုင်ပြီး ဘတ်စ်ကားထုတ်လုပ်မှုတွင် မော်လမြိုင်စက်မှုဇုန်တစ်ခုတည်းသာ ငါးစီးထုတ်နိုင်ကြောင်း တွေ့ရှိရပါကြောင်း။

စက်မှုဇုန်များတွင်ရှိသည့် မော်တော်ယာဉ်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းရှင်များကို သတ်မှတ်ခွင့်ပြုသည့် မော်တော်ယာဉ်ထုတ်လုပ်ရေး၊ ခွင့်ပြုထားသည့် မော်တော်ယာဉ်ပစ္စည်းများ ပြည်ပမှ တင်သွင်းရေး၊ စက်မှုလုပ်ငန်းရှင်များမှ ပြည်တွင်းတွင် ထုတ်လုပ်ရမည့်ပစ္စည်းများထုတ်လုပ်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ လိုင်စင်ရရှိရေးအတွက် စနစ်တကျစစ်ဆေးရေးအတွက် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ပူးပေါင်းကူညီပံ့ပိုးပေးလျက်ရှိကြောင်း။

အပြိုင်အဆိုင်ကြိုးပမ်း

မော်တော်ယာဉ်ထုတ်လုပ်သူ စက်မှုလုပ်ငန်းရှင်များအနေဖြင့်လည်း ထုတ်လုပ်မည့် မော်တော်ယာဉ်များ အရည်အသွေးကောင်းမွန်ရေး၊ သုံးစွဲသူများ အန္တရာယ်ကင်းစွာဖြင့် လုံခြုံစိတ်ချစွာ သုံးစွဲနိုင်ရေးအတွက် ပုံဖိစက်၊ ဂဟေဆော်စက်၊ ဆေးမှုတ်စက်များကို ပြည်ပမှ တင်သွင်းအသုံးပြုခြင်း၊ မော်တော်ယာဉ်ကိုယ်ထည်များ ပြည်တွင်းတွင် စက်ဖြင့် ထုတ်လုပ်ရန် မို၊ ဒိုင်များပြုလုပ်အသုံးပြုခြင်း၊ ဈေးကွက်ရရှိရေးအတွက် အရည်အသွေးကောင်းမွန်အောင် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေသဖြင့် များစွာတိုးတက်လာကြောင်း တွေ့ရှိရပါကြောင်း။

နိုင်ငံတော်အထောက်အပံ့ဖြင့် သံရည်ကျို၊ သံပုံထောင်း စက်ပစ္စည်းအလုပ်ရုံများ တည်ထောင်ခဲ့သည့် မန္တလေး၊ မုံရွာ၊တောင်ကြီး (အေးသာယာ) စက်မှုဇုန်များအနေဖြင့် နိုင်ငံတော်အား ပေးဆပ်ရမည့်ငွေများကို ပေးဆပ်လျက်ရှိသည့်အပြင် ကုန်ထုတ်လုပ်မှုများကို အောင်မြင်စွာ တိုးချဲ့လျက်ရှိပါကြောင်း တင်ပြဆွေးနွေးပြီး မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအောက်ရှိ ဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးများက ဆွေးနွေးတင်ပြကြရာ ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာက ပြည်နယ်/တိုင်းအလိုက် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ရေးဆွဲရေးဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်သူများနှင့် နည်းပညာရှင်များ ရရှိရေးအတွက် သင်ကြားစီမံဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။

လူမှုဘဝ

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က စက်ရုံအလုပ်ရုံများ၌ လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေး၊ အလုပ်ရှင်အလုပ်သမား အငြင်းပွားမှု ဖြေရှင်းရေး၊ အလုပ်သမားများ၏ လူမှုဘဝ အကာအကွယ်ပေးရေးကိစ္စများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား တိုးမြှင့် ဖြန့်ဖြူးနိုင်မည့် အလားအလာများ၊ စက်မှုဇုန်များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမှုများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူးက စက်မှုထုတ်ကုန်များ တိုးမြှင့်ကုန်သွယ်မှုပြုနိုင်ရေးကိစ္စများကို ဆွေးနွေးတင်ပြသည်။

ခြ်စည်းရိုးကြက်ဆူ

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က Bio Diesel ထုတ်လုပ်သုံးစွဲရေးအတွက် ခြ်စည်းရိုးကြက်ဆူ စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့်လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးဝင်းတင့်က ဇီဝအားဖြည့်လောင်စာဆီ ထုတ်လုပ်အသုံးပြုနိုင်မည့်အခြေအနေများ၊ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်က Bio Diesel ထုတ်လုပ်အသုံးချနိုင်ရေးအတွက် နည်းပညာ၊ အရင်းအနှီးနှင့် အခြားလိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရန် ကြိုတင်စီစဉ်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်သွယ်ရေးကဏ္ဍ

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေး

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကဏ္ဍက ဆက်လက်ပံ့ပိုးပေးသွားမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကိုလည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဉာဏ်ထွန်းဦးက မျိုးဆက်သစ်အင်ဂျင်နီယာများ အတွေ့အကြုံနှင့် နည်းပညာရရှိရေး ဆောင်ရွက်ချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ ဦးသန်းညိန်းက ဘဏ်များက စက်မှုလုပ်ငန်းများအတွက် ချေးငွေဆိုင်ရာကိစ္စဆောင်ရွက်ပေးမှုများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် စက်မှုလုပ်ငန်းရှင်များက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ စက်မှုဇုန်တာဝန်ခံ ဝန်ကြီးများက ပြန်လည်ဆွေးနွေး ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး တိုင်းပြည်၌ ပြည်သူများအနေဖြင့် အဆင့်အတန်းမြင့်မြင့်စားနိုင်၊ နေနိုင်၊ သွားနိုင်အောင် စက်မှုလုပ်ငန်းများကို ထူထောင်သွားရမည်ဖြစ်ကြောင်း။

မှျမှျတတဆောင်ရွက်

ယနေ့တင်ပြချက်များကို ပြန်လည်စိစစ်လေ့လာ၍ ပြည်တွင်းစက်မှုလုပ်ငန်းများ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်ပေးနိုင်သည်များကို မျှမျှတတ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏သဘာဝအခြေအနေအရ စက်မှုလုပ်ငန်းများထူထောင်ရာ၌ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ထူထောင်သွားရန်အခြေအနေပေးလျက်ရှိကြောင်း။

ထို့ကြောင့် စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဦးစားပေးထူထောင်သွားရန်လိုကြောင်း၊ ထို့ပြင် သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများကိုလည်း တစ်ပါတည်းထူထောင်သွားရန် ဦးတည်ကြရမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အစီအစဉ်ရှိရှိ စနစ်တကျအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံး ဝိုင်းဝန်းအားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် နိဂုံးချုပ် တိုက်တွန်းမှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးအပြီးတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးအဝင် ခန်းမဆောင်ကြီး၌ ခင်းကျင်းစီစဉ်ပြသထားသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းတို့၏ စက်ရုံများမှထုတ်လုပ်ထားသော လူသုံး၊အိမ်သုံး၊ လုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးအားပေးကြရာ ဝန်ကြီး ဦးအောင်သောင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ရှင်းလင်းပြသကြသည်။

မန္တလေးစက်မှုဇုန်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန ယာဉ်ရပ်နားနေရာ၌ ခင်းကျင်းစီစဉ်ပြသထားသည့် ဝန်ကြီးဌာနများ၏ပြခန်းများ၊ စက်မှုဇုန်များ၏ ပြခန်းများကို ကြည့်ရှုစစ်ဆေးအားပေးကြရာ ရှေးဦးစွာ မန္တလေးစက်မှုဇုန် မန္တလေးတော်ဝင်စက်မှုလက်မှုကုမ္ပဏီလီမိတက်၏ ကြိတ်ဆုံဆီကြိတ်စက်၊ ဆီသန့်စင်စက်နှင့် စက်အရန်ပစ္စည်းအမျိုးမျိုးတို့ကိုလည်းကောင်း၊ ကုမ္ပဏီ၏နှစ်အလိုက် လယ်ယာသုံး၊ မော်တော်ယာဉ်သုံးစက်အရန်ပစ္စည်းများ ထုတ်လုပ်သွားရန် စီစဉ်ထားရှိမှုများကိုလည်းကောင်း တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

မုံရွာစက်မှုဇုန်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုံရွာစက်မှုဇုန် သီဟထွန်းကုမ္ပဏီလီမိတက်၏ လေးဘီးထွန်စက်ငယ်၊ လေးဘီးထွန်စက်ငယ်နှင့် တွဲဖက်အသုံးပြုနိုင်သည့် တမန်းမွှေစက်၊ ကိုးသွားမျိုးချထွန်၊ သုံးသွားထယ်အဝိုင်း၊ ၁၄ သွား ထွန်အဝိုင်း၊ သိပ္ပံသုံးသွားထယ်၊ ကိုးသွားထွန်၊ ရိုးဖျက်ကိရိယာ၊ နောက်တွဲယာဉ်၊ Light Truck Frame နှင့် ဆက်စပ်အပိုပစ္စည်း ၂၃၅ မျိုးတို့ကိုလည်းကောင်း၊ ၁၂ ပြည်ဆံ့ ထမင်းပေါင်းအိုးများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

အေးသာယာစက်မှုဇုန်

ထို့နောက် အေးသာယာစက်မှုဇုန်ပြခန်းရှိ လယ်ယာသုံးစက်ပစ္စည်းများနှင့် အရန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ Fair Sun Mould and Die Industry ၏ မိုနှင့်ဒိုင်နမူနာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြသထားသည့် ကြက်ဆူဆီကြိတ်စက်နှင့်

အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဇီဝဒီဇယ်ရရှိရေး အဆင့်ဆင့်ဆောင်ရွက်မှုများကိုလည်းကောင်း၊ ခြ်စည်းရိုးကြက်ဆူမှ ထုတ်လုပ်ထားသည့် ဇီဝဒီဇယ် နမူနာတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာနပြခန်းရှိ အိမ်သုံးလျှပ်စစ်မီတာ၊ လုပ်ငန်းသုံးလျှပ်စစ်မီတာနှင့် ထမင်းပေါင်းအိုးများ၊ ဓာတ်ခဲများ၊ ဘက်ထရီအိုးများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့် ဖိအားမြှင့်ကြက်ဆူဆီသုံး မီးဖို၊ မီးစာ(၁၂)တိုင်သုံး ကြက်ဆူဆီမီးဖို၊ ကြက်ဆူဆီကြိတ်စက်၊ ဒီဇယ်အင်ဂျင်သုံး ကြက်ဆူဆီအစေ့ခွဲစက်စသည်တို့ကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းက ထုတ်လုပ်သည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် စက်ဘီးတာယာအမျိုးမျိုး၊ ပြည်ပပို့ကုန်ရော်ဘာအမျိုးမျိုးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ NIBBAN Co.၊ Supreme Group Co.၊ Hein Engineering Co. စသည့် ကုမ္ပဏီများ၏ ပြခန်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ စပါးခွံဓာတ်ငွေ့သုံးတစ်ပိုင်တစ်နိုင် ကျေးရွာသုံး လျှပ်စစ်ဓာတ်အားပေးစက်ကိုလည်းကောင်း၊ စိုးလျှပ်စစ်ကုမ္ပဏီ၊ ပေါ်ပြူလာ ပလတ်စတစ်လုပ်ငန်း၊ SOGO လျှပ်စစ်ပစ္စည်းလုပ်ငန်း၊ ဓာတုအင်ဂျင်နီယာကုန်ထုတ်သမဝါယမအသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း စသည့် အသင်းအဖွဲ့များ၏ ခင်းကျင်းစီစဉ်ပြသထားမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ပြသထားသည့် ရထားစက်ခေါင်းသုံးပစ္စည်းများ၊ စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်မှုဇုန်များက ထုတ်လုပ်သည့် မော်တော်ယာဉ်ငယ်အမျိုးမျိုး၊ မော်တော်ဆိုင်ကယ်အမျိုးမျိုး၊ သုံးဘီးမော်တော်ဆိုင်ကယ်အမျိုးမျိုးနှင့် စပါးခြွေလှေ့စက်၊ ခြေနင်းစပါးခြွေစက် စသည်တို့ကို ကြည့်ရှုစစ်ဆေးအားပေးသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

သူတို့ ဤသို့ ဖွင့်ဟပြောကြားကြသည်

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေနှင့် မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) နှင့် အောင်သန်း (မင်္ဂလာတောင်ညွန့်)

တယောဂီတဟာ ဒီနေ့ခေတ်မှာ ဦးဆောင်ဂီတအဖြစ် ပြည်သူတွေလက်ခံလာ

စာမျက်နှာပြင်ဆင်မှု-ထိန်လင်း

တယောဂီတဟာ ကမ္ဘာ့နိုင်ငံ အများအပြားမှာ တွင်တွင်ကျယ်ကျယ် အသုံးပြုနေတဲ့ဂီတတူရိယာဖြစ်သလို မြန်မာနိုင်ငံမှာ လေ့လာလိုက်စားလာကြတဲ့ လူငယ်တွေအများကြီး ရှိနေပါတယ်။ အမှန်အတိုင်းပြောရရင်တော့ အရင်ခေတ်တွေကထက် ဒီခေတ်လူငယ်တွေဟာ တယောထိုးမှုကို ဝါသနာပါကြသလို လေ့လာလိုက်စားကြတဲ့သူတွေလည်း များလာတာတွေ့ရလို့ ဝမ်းသာစရာကောင်းတဲ့ အချက်ပါပဲ။

အားတက်စရာ

တယောထိုး ကျွမ်းကျင်တဲ့လူငယ်တွေ ဒီဘက်ခေတ်မှာ အများကြီး တွေ့ရတယ်။ သူတို့တွေ ကြိုးစားကြတယ်။ လေ့လာလိုက်စားမှု ထက်သန်ကြတာလည်း တွေ့ရပါတယ်။ တယောထိုးတဲ့ ဂီတသံစဉ်တွေကို လက်ခံအားပေးကြတဲ့ ပရိသတ်တွေလည်း တဖြည်းဖြည်းများလာတာတွေ့ရတာဟာ အင်မတန် အားတက်စရာအချက်ဖြစ်ပါတယ်။

နာမည်တစ်လုံးကျန်ဖို့

ဒါပေမယ့် ဒီနေ့တယောထိုးနေတဲ့ လူငယ်တွေဟာ ဆန်းသစ်တီထွင်မှု အပိုင်းမှာ အားနည်းနေတာ တွေ့ရပါတယ်။ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်မှုတွေနဲ့ ဂီတသံစဉ်ထိုးထွင်းဖန်တီးတဲ့သူတွေ နည်းကြတယ်။ အဲဒီတော့ ဆရာကိုအားကိုးတယ်။ သူများတွေရဲ့သံစဉ်တွေအတိုင်း လိုက်လုပ်နေကြတယ်။ သူများတွေရဲ့ဟန်၊ သူများတွေဖန်တီးထားတဲ့သံစဉ်တွေနဲ့သာ နာမည်ယူနေကြရင် ရေရှည်မှာ နာမည်တစ်လုံးနဲ့ ရပ်တည်ဖို့ မလွယ်ဘူး။ အဲဒီတော့ တယောထိုးအနုပညာနဲ့ ဂီတသမိုင်းမှာ နာမည်တစ်လုံးကျန်ရစ်ဖို့ မလွယ်ဘူးပေါ့။

အားထုတ်ကြ

ဒါကြောင့် လူငယ်တွေ နာမည်တစ်လုံးနဲ့ ထင်ပေါ်ကျော်ကြားချင်သလား၊ အောင်မြင်ချင်သလား၊ ဒါဆိုရင် တီထွင်ရမယ်၊ ဆန်းသစ်ရမယ်၊ ကိုယ်ပိုင်ဟန်ရှိကြရမယ်။ မရှိသေးရင် ရှိအောင်လုပ်ကြ၊ ရှိဖို့ကြိုးစားနေရင်း ဖွဲကောင်းကောင်းနဲ့ အပင်ပန်းခံကြိုးစားပြီး အောင်မြင်အောင်၊ ပြည်သူတွေ လက်ခံလာအောင် အားထုတ်ကြရမယ်။

ဒီနေ့လူငယ်တွေ တယောဂီတဘက်မှာ ကြိုးစားကြတယ်။ ဒါကို လက်ခံတယ်။ ဘာကြောင့် မအောင်မြင်သလဲဆိုရင် ကိုယ်ပိုင်ဟန် မရှိလို့ပါပဲ။ တေးဂီတသမားတွေဆိုတာ ဆိုတတ်၊ တီးတတ်ရုံနဲ့ တာဝန်မကျေပါဘူး။ ဒါဟာ အပျော်တမ်းအဆင့်ပဲ ရှိသေးတယ်။ သူများစီစဉ်ထားတာကိုလိုက်ပြီး အရန်သင့်ဆွဲယူ အသုံးပြုတာ မလုပ်ရဘူးလို့ မဆိုလိုပါဘူး။ သုံးပါ၊ ဒါပေမယ့် ဒီအပေါ်မှာ မသာယာဘဲ ကိုယ်ပိုင်သံစဉ်တွေ တီထွင်ဖို့ ကြိုးစားကြရမယ်။

အမြဲသွန်သင်

ကျွန်တော်အခု တယောတီးသင်တန်းတွေ ပို့ချနေပါတယ်။ လာရောက် သင်ယူတဲ့ လူငယ်တွေလည်း များပါတယ်။ ကြိုးစားမှုနဲ့ စိတ်ဝင်စားမှုလည်း ရှိကြတယ်။ ဒါပေမယ့် စိတ်အားထက်သန်မှုနဲ့ ဆန်းသစ်တီထွင်မှုအပိုင်း အတော်လေးအားနည်းကြတာ တွေ့ရတယ်။ ကျွန်တော်ကတော့ စိတ်ဓာတ်ခွန်အား ပြည့်ဝအောင် အမြဲသွန်သင်ဆုံးမပေးပါတယ်။

ဆက်ကြိုးစားပါ

တယောထိုး အနုပညာဟာ မြန်မာနိုင်ငံမှာ ဒီ့ထက်ကျယ်ပြန့်ထွန်းကားဖို့၊ ပြည်သူတွေ စိတ်ဝင်စားဖို့ဆိုတာ လူငယ်တွေရဲ့ ကြိုးစားအားထုတ်မှုအပေါ်မှာ မူတည်နေပါတယ်။ ဒါကြောင့် တယောအနုပညာကို လိုက်စားနေတဲ့ လူငယ်တွေကို အကြံပြုချင်တာက တယောထိုးတာနဲ့ ပတ်သက်ပြီး ကိုယ့်ကိုယ်ကို ရဲရဲဝံ့ဝံ့ ဝေဖန်သုံးသပ်ကြပါ။ ငါဟာ ကိုယ်ပိုင်တေး၊ ကိုယ်ပိုင်သံစဉ်၊ ကိုယ်ပိုင်တီးလုံးတစ်ခုကို တီထွင်နိုင်ပြီလား။ ဒီလိုသုံးသပ်မှုမျိုးကို များများပြုလုပ်ပေးပါ။ မလုပ်ရသေးရင် ဖြစ်အောင်ကြိုးစား လုပ်ဆောင်ကြပါ။ ကိုယ်ပိုင်သံစဉ်တွေ တီထွင်နေပြီဆိုရင် ပြည်သူတွေလက်ခံလာအောင် ဆက်ကြိုးစားပါလို့ ပြောချင်ပါတယ်။

အကြံပြုချင်

တယောဂီတဟာ အရင်ခေတ်တွေက ပံ့ပိုးဂီတတစ်ခုလို့ ထင်မြင်ခဲ့ကြပေမယ့် ဒီနေ့ခေတ်မှာ ဦးဆောင်ဂီတအဖြစ် ပြည်သူတွေလက်ခံလာကြသလို ပြည်သူတွေကြားမှာ ဒီထက် နက်နက်ရှိုင်းရှိုင်း အားပေးလက်ခံလာဖို့ လူငယ်တွေ ကြိုးစားကြရမယ်။ ဒီလိုဖြစ်လာဖို့အတွက်ကတော့ ကိုယ်ပိုင်သံစဉ်တွေ၊ ဆန်းသစ်တီထွင်မှုနဲ့သာ ဖြစ်မှာမို့ လူငယ်တွေကြိုးစားကြပါလို့ အကြံပြုပြောကြားချင်ပါတယ်။ ။

"တေးဂီတသမားတွေဆိုတာ ဆိုတတ်၊ တီးတတ်ရုံနဲ့ တာဝန်မကျေပါဘူး"

တယော ဦးတင်ရီ

ကဏန်းပျော့များ ပိုမိုမွေးမြူထုတ်လုပ်

"ကမ္ဘာမှာ ကဏန်းပျော့ ထုတ်လုပ်တဲ့ ထိပ်တန်းနိုင်ငံ တစ်နိုင်ငံ ဖြစ်လာနိုင်"

ဦးနှင်းဦး
ကဏန်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ

ကျွန်တော်တို့ ကဏန်းလုပ်ငန်းရှင်များအသင်းအနေနဲ့ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရာမှာ တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်နေတဲ့ အသင်းအဖွဲ့တစ်ခု ဖြစ်ပါတယ်။

နှစ်စဉ် နိုင်ငံခြားငွေရရှိရေး ကြိုးပမ်းဆောင်ရွက်နေတဲ့ လုပ်ငန်းများထဲမှာ ကဏန်းတင်ပို့ ရောင်းချမှုလုပ်ငန်းဟာလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေနဲ့ ဒီ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်မှာ ရေထွက်ပစ္စည်းတင်ပို့ခြင်းဖြင့် အမေရိကန်ဒေါ်လာသန်း၇၅၀ ရရှိရေး ဦးတည်ဆောင်ရွက်နေပါတယ်။ ဒီအထဲမှာ ကျွန်တော်တို့ ကဏန်းလုပ်ငန်းရှင်များအနေနဲ့ ကဏန်းများ တင်ပို့ရောင်းချခြင်းဖြင့် အမေရိကန်ဒေါ်လာ၂၅သန်း ဝင်ငွေရှာပေးသွားရန် တာဝန်ယူထားပါတယ်။

ယခုအခါမှာတော့ ကဏန်းလုပ်ငန်းရှင်များအသင်းအနေနဲ့ အမေရိကန်ဒေါ်လာ ၂၃သန်းဖိုး တင်ပို့ရောင်းချပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကဏန်းလုပ်ငန်းရှင်များ တာဝန်ယူထားတဲ့ နိုင်ငံခြားငွေရှာဖွေပေးမှုဟာ သတ်မှတ် လျာထားချက်ထက် ကျော်လွန်သွားမယ်လို့ မျှော်လင့်ရပါတယ်။

ယနေ့ကဏန်းစားသုံးမှုဈေးကွက်မှာ စားသုံးမှုပုံစံ ပြောင်းလဲလာတာတွေရှိပါတယ်။ ဟိုတုန်းက ကဏန်းကို အခွံမာပုံစံနဲ့ တင်ပို့ကြပါတယ်။ အခုအခါမှာတော့ ကဏန်းအခွံမာရော၊ အခွံပျော့ပါ တင်ပို့နေကြပါပြီ။ ဈေးကွက်ရဲ့ လိုအပ်ချက်အရ ကဏန်းပျော့တွေ မွေးမြူထုတ်လုပ်ဖို့ လိုအပ်လာပါပြီ။

ကဏန်းပျော့မွေးမြူထုတ်လုပ်မှုဟာ ကဏန်းအခွံမာတင်ပို့ရောင်းချမှုထက် စီးပွားရေးတွက်ခြေကိုက်ပါတယ်။ ကဏန်းပျော့ FARM တစ်ခုက တစ်နှစ်ကို အမေရိကန်ဒေါ်လာ သုံးသန်းအထိရရှိနိုင်ပါတယ်။

ကဏန်းပျော့မွေးမြူထုတ်လုပ်တဲ့ နိုင်ငံတွေထဲမှ ကျွန်တော်တို့ရှေ့မှာ ထိုင်းနိုင်ငံ တစ်နိုင်ငံသာရှိပါတယ်။ သဘာဝရေငန်ကမ်းစပ်တွေပေါများတဲ့ ကျွန်တော်တို့ နိုင်ငံမှာ ကဏန်းပျော့ကို အသေအချာမွေးမြူသွားမယ်ဆိုရင် ကမ္ဘာမှာ ကဏန်းပျော့ ထုတ်လုပ်တဲ့ ထိပ်တန်းနိုင်ငံတစ်နိုင်ငံ ဖြစ်လာနိုင်ပါတယ်။

ဒါကြောင့် ကဏန်းလုပ်ငန်းရှင်များအနေနဲ့ စီးပွားရေးတွက်ခြေကိုက်တဲ့ ကဏန်းပျော့ မွေးမြူထုတ်လုပ်တဲ့ လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်သွားဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ။

(မြန်မာ့အလင်း)

လူငယ်တွေ နာမည်တစ်လုံးနဲ့ ထင်ပေါ် ကျော်ကြားချင်သလား၊ အောင်မြင်ချင်သလား၊ ဒါဆိုရင် တီထွင်ရမယ်၊ ဆန်းသစ်ရမယ်၊ ကိုယ်ပိုင်ဟန် ရှိကြရမယ်။

တယော ဦးတင်ရီ

ဈေးကွက်ရဲ့ လိုအပ်ချက်အရ ကဏန်းပျော့တွေ မွေးမြူထုတ်လုပ်ဖို့ လိုအပ်လာပါပြီ။

ဦးနှင်းဦး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁-၂၀၀၈(တနင်္ဂနွေနေ့)

AM & PM

- ၇:၀၀ - ၁:၀၀ MRTV-4အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ - ၁:၀၅ **သရဏဂုံအစွမ်းအံ့မခန်း** တရားတော် (ဆရာတော်အရှင်ဇဝန) (မေတ္တာရှင်)
- ၇:၅၀ - ၁:၅၀ Soccer Update
- ၈:၀၅ - ၂:၀၅ တေးဂီတအစီအစဉ်
- ၈:၁၀ - ၂:၁၀ Sunday Talk [ရဝေနွယ်(အင်းမ)၊ မောင်ဆုရှင်၊ ကိုကို(စက်မှုတက္ကသိုလ်)]
- ၉:၀၅ - ၃:၀၅ ပါဝင်ဆင်နွှဲပြင်ဦးလွင်မှ ရွှေရတုဂေါက်သီးရိုက်ပြိုင်ပွဲ
- ၉:၂၅ - ၃:၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၃၅ - ၃:၃၅ ဖိတ်ခေါ်လိုက်ပါသည် ငွေဆောင်ကမ်းခြေဆီ
- ၉:၅၀ - ၃:၅၀ တေးဂီတအစီအစဉ်
- ၉:၅၅ - ၃:၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၀၀ - ၄:၀၀ ကုသစောင့်ရှောက်မနေး ပြည်သူအများ ကျန်းမာရေး (ရန်ကုန်တိုင်းရင်း ဆေးရုံကြီး)
- ၁၀:၂၅ - ၄:၂၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၃၀ - ၄:၃၀ တေးဂီတအစီအစဉ်
- ၁၀:၃၅ - ၄:၃၅ 'အင်း'ငွေပန်းထိမ်ရဲ့ အငွေ့အသက်
- ၁၀:၅၅ - ၄:၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၀၅ - ၅:၀၅ တေးဂီတအစီအစဉ်
- ၁၁:၁၀ - ၅:၁၀ စပါးခွံများဖြင့် လင်းလက်စေသည်
- ၁၁:၃၀ - ၅:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၃၅ - ၅:၃၅ တေးဂီတအစီအစဉ်
- ၁၁:၄၀ - ၅:၄၀ Euro Goals
- ၁၂:၀၀ - ၆:၀၀ လွင်မိုးခရီးသွားနေသည် (အပိုင်း-၁)
- ၁၂:၃၀ - ၆:၃၀ တေးဂီတအစီအစဉ်
- ၁၂:၃၅ - ၆:၃၅ နိုင်ငံတကာအနုပညာရေးရာ
- ၁:၀၀ - ၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၂၅	Man Utd-Tottenham	Star Sports (Live)
၁၀:၃၀	Sheffield - Man City	Star Sports (Live)

Africa Cup of Nations (2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁:၃၀	Senegal - Angola	Euro Sport (Live)
၂:၀၀	Tunisia - South Africa	Euro Sport (Live)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၃၀	AC Milan - Genoa	5-Cartoons (Live)

ဇန်နဝါရီ ၂၄ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ်(၃၁)အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပသော ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား၌ ပထမတန်းမှ ပထမဆုရရှိသူ မောင်သက်နောင်စိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဝင်း ဆုချီးမြှင့်စဉ်။

(က-ပ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၂၆

ဦးသော်သော်ထွဋ်စိန်သည် ဇန်နဝါရီ ၁၉ရက်က မြို့တော် စည်ပင်မြကန်သာဂေါက်ကွင်း ကျင်းအမှတ်(၂)တွင် ၁၂၂ကိုက် အကွာမှ BERES-901၊ ဂေါက်ရိုက်တုတ် No-10ဖြင့် Srixon No(1) ဂေါက်သီးအားရိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ ထိုအချိန် ကစားဖော်များအဖြစ် ဦးချစ်အေး၊ ဦးရဲထွဋ်အောင်၊ ဦးကျော်သင်းနှင့် ဦးစိုင်းထွန်းမြင့်တို့ အတူရှိနေကြသည်။ **(က-ပ)**

မီး သတိပြု

27-1 (11) 1 1/27/08, 2:59 AM

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို ပဲခူးမြို့နယ် ဝါးကတုတ်ရေကူ ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းတွင် ဝါးကတုတ်ရေကူရေလှောင်တမံ ဖွင့်လှစ် မိုးစပါးကေ သိန်း၃၀ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်မည်

နေပြည်တော် ဇန်နဝါရီ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသော ပဲခူးတိုင်း ပဲခူးမြို့နယ် တောင်ဆတ်အင်း ကျေးရွာအနီးရှိ ဝါးကတုတ်ရေကူရေလှောင်တမံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် အဆိုပါ ရေကူရေလှောင်တမံ အနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို က အမှာစကားပြောကြားရာတွင် ဝါးကတုတ်ရေလှောင်တမံကို ဖွင့်လှစ်နိုင်ပြီဖြစ်သည့်အတွက် ဝါးကတုတ် ရေလှောင်တမံက ဆည်ရေကိုရေထုတ်ပြွန်မှ ထိန်းညှိ ထုတ်လွှတ်ပေးပြီး ဝါးကတုတ်ချောင်းအတိုင်း မိုးယွန်းကြီးအင်းအတွင်း တိုက်ရိုက်စီးဝင်စေမည်ဖြစ်ကြောင်း၊ မိုးယွန်းကြီးအင်းကို ရေကူဖြည့်ပေးခြင်းဖြင့် ပဲခူးတိုင်းအတွင်း စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုစေသည့်အပြင် မိုးယွန်းကြီးအင်းအတွင်းက ဆည်ရေကို ပဲခူးစစ်တောင်းတူးမြောင်းအတိုင်း လွှဲယူပြီး ပုဂံ–ညောင်ပင်ရေလွှဲပေါက်မှ တစ်ဆင့် သနပ်ပင်–သုံးခွကားလမ်းနံဘေး တစ်လျှောက် တူးမြောင်းဖြင့် သွယ်ယူခြင်းဖြင့် ရန်ကုန်မြို့ မိုင် ၃၀ ဝန်းကျင် အမြဲတမ်းစိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုမည်ဖြစ်ကြောင်း။

ပဲခူးတိုင်းအတွင်းတွင် မိုးစပါးကေသိန်း ၃၀ ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးနှင့် နွေစပါးကေ သုံးသိန်းပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေးတို့အတွက်လည်း ဤရေလှောင်တမံသည် အထောက်အကူ ရစေမည်ဖြစ်ကြောင်း။

အမြဲတမ်းစိမ်းလန်းစိုပြည်ရေး

ယခုအခါ ဝါးကတုတ် ရေလှောင်တမံအပြင် ဝါးကတုတ် တမံနှင့် ဆည်အစုအဖွဲ့ဖြစ်သည့် ရွှေလောင်း၊ စလူ၊ ကိုဒူကွဲရေလှောင်တမံများ တည်ဆောက်ရန်ရှိသည့်အနက် ကိုဒူကွဲ ရေလှောင်တမံကို အကောင်အထည်ဖော်တည်ဆောက်လျက်ရှိရာ တည်ဆောက်ပြီးစီးပါက ဆည်ရေကို ပဲခူးမြစ်အတိုင်း ထုတ်လွှတ်မည်ဖြစ်ပြီး ဇောင်းတူ ရေလွှဲဆည်မှ ဆည်ရေသောက် ဧရိယာများနှင့် ပဲခူးစစ်တောင်းတူးမြောင်း တစ်လျှောက် စိုက်ပျိုးမြေများကို စိုက်ပျိုးရေ ပိုမိုရရှိရေး၊ ရန်ကုန်မြို့အရှေ့ခြမ်း မိုင် ၃၀ ဝန်းကျင် အမြဲတမ်းစိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုမည်ဖြစ်ကြောင်း။

(၄၄)ခုမြောက်စီမံကိန်း

ယခုဖွင့်လှစ်သည့် ဝါးကတုတ် ရေလှောင်တမံသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက တာဝန်ယူပြီးနောက် တည်ဆောက်ပြီးစီးခဲ့သော ၂၀၇ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး ပဲခူးတိုင်း အနေဖြင့် ၄၄ခုမြောက် စီမံကိန်းဖြစ်ကြောင်း၊ ယင်းကိန်းဂဏန်းများကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်က တည်ဆောက်ပြီးစီးခဲ့သည့် ရေလှောင်တမံများ၊ ရေထိန်းတံခါးများ၊ ရေလွှဲဆည်များအနက်ပဲခူးတိုင်း၌ ၂၃ရာခိုင်နှုန်းခန့် တည်ဆောက်ပေးခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက အမှာစကားပြောကြားရာ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရှိစေရေးအတွက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ပေးနေခြင်းသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးဘဝကို ပိုမိုတိုးတက်မြင့်မားလာအောင်၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏စီးပွားရေးကို ပိုမိုခိုင်မာ တောင့်တင်းလာအောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် မိမိနိုင်ငံသူနိုင်ငံသားများ စားနပ်ရိက္ခာဖူလုံအောင် အလေးထားပြီး စိုက်ပျိုးရေးကဏ္ဍကို အားပေးဆောင်ရွက်လျက်ရှိသည့်အပြင် လယ်ယာရိက္ခာ အပိုအလျှံများကို ပြည်ပသို့ တိုးတက် တင်ပို့နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

အကောင်အထည်ဖော်

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းတွင် အရေးပါသည့်ရေရရှိရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများကို ဒေသအလိုက် လမ်းညွှန်စီမံပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေရရှိရေးအတွက် နယ်မြေဒေသ၏ မြေပြင်အခြေအနေပေးမှုနှင့် မြစ်ချောင်းများ၏ အနေအထားပေါ် မူတည်ပြီး အကြီးစား၊ အလတ်စားနှင့် အငယ်စား ရေလှောင်တမံ စီမံကိန်းများ၊ မြစ်ရေတင် စီမံကိန်းများနှင့် မြေအောက်ရေရရှိရေးစီမံကိန်းများကို အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိကြောင်း။

အကျိုးပြု

နိုင်ငံတော်အနေဖြင့် ဆန်ပိုလျှံရေး၊ ဆီဖူလုံရေးအတွက် ဦးတည်ရည်မှန်းဆောင်ရွက်လျက်ရှိရာတွင် ပဲခူးတိုင်းသည် ဦးတည်ရည်မှန်းချက်ကို ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်သည့်တိုင်းဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုး ထုတ်လုပ်မှုတွင် အရေးပါသော ဒေသတစ်ခုဖြစ်သည့်အလျောက် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းစီမံကိန်းများကို နိုင်ငံတော်က စီမံဆောင်ရွက်ပေးခဲ့ရာ ပဲခူးရိုးမအရှေ့ခြမ်းတွင် ဆည်၊ ရေလှောင်တမံနှင့် ရေထိန်း တံခါး စုစုပေါင်း ၄၃ခုက လယ်ယာမြေဧကခြောက်သိန်းကျော်ကို အကျိုးပြုလျက်ရှိကြောင်း။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်ဖြင့် ရန်ကုန်မြို့ မိုင်၃၀ ဝန်းကျင် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရာတွင် ဤဝါးကတုတ်ရေကူရေလှောင်တမံသည် အဓိကကျသည့် ရေရရှိရေးအထောက် အကူပြုရေလှောင်တမံစီမံကိန်းဖြစ်ကြောင်း။

ရေကူပေး

ဝါးကတုတ် ရေကူရေလှောင်တမံသည် သနပ်ပင်နှင့် သုံးခွဒေသ၌ရှိသည့် ကျေးရွာများ၏ လယ်မြေဧက၁၂၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်ပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုကိုတိုးတက်စေမည်ဖြစ်ကြောင်း၊ ထို့အပြင် မိုးယွန်းကြီးအင်းကိုလည်း ရေကူပေးမည်ဖြစ်သည့်အတွက် မိုးယွန်းကြီးအင်း၏ ရေသောက် ဧရိယာဧက၄၃၀၀၀ကျော်၏ နွေစပါးစိုက်ဧရိယာအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဝါးကတုတ်ရေကူရေလှောင်တမံတည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေးဇူးတင်ရှိပါကြောင်းကို ပဲခူးမြို့နယ် ဒေသခံပြည်သူများကိုယ်စား ပဲခူးမြို့နယ် သပြေရိုးကျေးရွာအုပ်စုမှ ဦးကျော်ဇင်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဝါးကတုတ် ရေကူရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ကိုကိုက ဝါးကတုတ်ရေကူရေလှောင်တမံကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့က ဝါးကတုတ် ရေကူရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှု

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က တက်ရောက်လာကြသူများနှင့်အတူ ဝါးကတုတ်ရေကူရေလှောင်တမံကို ကြည့်ရှုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်တွင် ဝါးကတုတ်ရေကူ ရေလှောင်တမံ တည်ဆောက်ခဲ့မှုလုပ်ငန်းအဆင့်ဆင့်ကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က ရေလှောင်တမံ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကိစ္စရပ်များကို မှာကြားကြသည်။

ဝါးကတုတ်ရေကူရေလှောင်တမံ

ဝါးကတုတ် ရေကူရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၈၆ပေ၊ ပင်မတမံအလျား ပေ ၆၄၀၀ နှင့် ကုန်းကြောတမံ ၃၁၅၅ ပေ ရှိကာ ကန်ရေပြည့် ရေလှောင်ပမာဏ သည် ဧကပေ၃၂၆၀၀ရှိသည်။ ရေထုတ်ပြွန်သည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အလျား၂၅၅ပေ ရှိကာ ၆ပေ x ၄ပေ ရေထုတ်ပြွန် တစ်ပေါက်ပါရှိသည်။ ရေပိုလွှဲသည် အကျယ်ပေ၃၀၊ အလျားပေ ၄၃၀ ရှိသည်။

(သတင်းစဉ်)

ဆံတော်ရှင်မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ တန်ခိုးကြီး သမိုင်းဝင် မဟာမကုဋရုံသီဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို မတ်၇ရက်(တပေါင်းလဆန်း၁ရက်)မှ မတ်၂၁ရက်(တပေါင်းလပြည့်နေ့)အထိ ၁၅ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဈေးပြိုင်စနစ်

မော်တင်ဘုရားပွဲခင်းဆိုင်ခန်းများ၊ ခမောက်မော်ကမ်းခြေဆိုင်ခန်းများ၊ ငွေတောင်ကမ်းခြေဆိုင်ခန်းများကို ဖေဖော်ဝါရီ ၂ ရက် နံနက်၉နာရီတွင်လည်းကောင်း၊ ရေဖြန့်ဖြူးရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေးဝေရေးလုပ်ငန်းတို့ကို ဖေဖော်ဝါရီ ၃ ရက် နံနက်၉နာရီတွင် လည်းကောင်း၊ ဈေးကောက်လုပ်ငန်း၊ သန့်စင်ခန်းလုပ်ငန်း၊ ဆိပ်ကမ်းခကောက်ခံခြင်းလုပ်ငန်း၊ ရုပ်ရှင်၊ ဇာတ်ပွဲကပြခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၄ရက် နံနက်၉နာရီတွင်လည်းကောင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချသွားမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး ဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများပါဝင်လှူဒါန်းလိုပါက ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဖုန်း–၀၄၂–၂၅၂၇၇၊ ၂၄၂၄၂၊ ၂၁၁၄၅၊ ၂၅၁၇၇နှင့် ၂၄၉၀၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၆

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် ပညာသင်ကြားနေကြသော ကျောင်းသူ ကျောင်းသားများအား ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် အဝတ်အထည်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၅ရက်က လသာ အထက(၂)ကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာသိဂီကျော် ဦးဆောင်၍ ဆရာ ဆရာမများ၊ ကျောင်းသူများနှင့် မိဘများက ပညာဒါန ဘက်စုံလှူဒါန်းကြသည်။ **(အောက်ပုံ)**

လှူဒါန်း

ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာလှူဒါန်းရာတွင် မြန်မာလူငယ် ပရဟိတ (MYM)ရန်ကုန် မိဂဒါဝုန် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (မြောက်ဥက္ကလာပ)နှင့် နတ်မောက် ဝိဇ္ဇာသိပ္ပံ လူငယ်ဖွံ့ဖြိုးရေး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းစာသင်တိုက် (မြောက်ဥက္ကလာပ)တို့သို့ သွားရောက် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(က–ပ)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့်နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၇–၁–၂၀၀၈)ရက်နေ့

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလအတွက်

(၁၀–၂–၂၀၀၈) ရက်နှင့် (၂၄–၂–၂၀၀၈) ရက်နေ့

● *ကျောဖုံးမှ*

ဝါးကတုတ် ရေကူရေလှောင်တမံ စီမံကိန်းနှင့် ပတ်သက်၍ ပြည်သူများ သိရှိနိုင်ရန်အတွက် မြန်မာ့အလင်း သတင်းအဖွဲ့သည် ဝါးကတုတ် ရေကူရေလှောင်တမံတည်ရှိရာ ပဲခူးတိုင်း ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာ အနီးရှိ ဝါးကတုတ် ရေကူရေလှောင်တမံသို့ သွားရောက်လေ့လာခဲ့သည်။ ဝါးကတုတ် ရေကူရေလှောင်တမံ

"သပ်ကျင်းကို သဲလွှာပေါ်မှာ ခက်ခက်ခဲခဲနဲ့ မြေပြိုမကျအောင် တူးခဲ့ရ"

ဦးကြည်ဝေ(ဦးစီးအရာရှိ) တမံနှင့် ရေထုတ်ပြွန်တာဝန်ခံ တည်ဆောက်ရေး(၁)

တည်ဆောက် အကောင်အထည်ဖော်ခဲ့သော တည်ဆောက်ရေး(၁)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်၊ ဦးစီးအရာရှိ ဦးကြည်ဝေတို့အား ဝါးကတုတ် ရေကူရေလှောင်တမံတွင် တွေ့ဆုံ၍ သိလိုသမျှကို မေးမြန်းခဲ့သည်။

ထောက်ကူ

ဝါးကတုတ် ရေကူရေလှောင်တမံ

"နေ့ရောညပါ အားသွန်ခွန်စိုက် ဆောင်ရွက်ပေးခဲ့ရတာ ဂုဏ်ယူပါတယ်"

တည်ဆောက်ရေး(၁)မှ စက်မှုအင်ဂျင်နီယာများ ဒေါ်ခင်နှင်းယုနှင့် ဒေါ်သန်းသန်းဆွေ။

နှင့် ပတ်သက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်က ရှင်းလင်းပြသရာတွင် ဝါးကတုတ် ရေကူရေလှောင်တမံကို ဝါးကတုတ် ချောင်းပေါ်တွင် ရေလှောင်တမံ တည်ဆောက်ထားပြီး မိုးယွန်းကြီး အင်းသို့ ရေကူပေးခြင်းဖြင့် ရန်ကုန်(အရှေ့ခြမ်း) မိုင် ၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် နွေရာသီ နွေသီးနှံ စိုက်ပျိုးခြင်းကို အထောက်အကူပြုရန်ဖြစ်ကြောင်း။

တူးမြောင်းစနစ်

ဝါးကတုတ် ရေကူရေလှောင်တမံမှ ရေကို ဝါးကတုတ်ချောင်းမှတစ်ဆင့် မိုးယွန်းကြီးအင်းထဲသို့ စီးဆင်းစေပြီး မိုးယွန်းကြီးအင်းမှရေကို မိုးယွန်းကြီး ရေထိန်းတံခါးမှ တစ်ဆင့် ပဲခူးစစ်တောင်းမြစ်အတွင်းသို့ လွှဲယူပြီးနောက် အဆိုပါ ပဲခူးစစ်တောင်း တူးမြောင်းရေကို ပုဂံ–ညောင်ပင်ရေလွှဲပေါက်မှ တစ်ဆင့် အုန်းနဲ့ချောင်းသို့ သွယ်ယူ၍ သနပ်ပင်–သုံးခွကားလမ်းဘေးတစ်လျှောက် တူးမြောင်းစနစ်ဖြင့် ရေပေးမည်ဖြစ်ကြောင်း။

အင်ဂျင်နီယာ

ဝါးကတုတ် ရေကူရေလှောင်တမံကို တည်ဆောက်ရာတွင် ရေပိုလွှဲ လုပ်ငန်းကို အမျိုးသမီးအင်ဂျင်နီယာများ တည်ဆောက်ကြောင်း၊ အမျိုးသမီး အင်ဂျင်နီယာ အဖွဲ့သည် ရေပိုလွှဲ လုပ်ငန်းကို ဦးစီးအရာရှိတစ်ဦးနှင့် ဒုတိယဦးစီးအရာရှိတို့က တာဝန်ယူ တည်ဆောက်ကြပြီး တမံတည်ဆောက်ခြင်းနှင့် ရေထုတ်ပြွန် တည်ဆောက်ခြင်းကိုလည်း အတွေ့အကြုံရအောင် ဆောင်ရွက်ကြကြောင်း၊ တမံတည်ဆောက်ရာတွင်လည်း အမျိုးသမီး အင်ဂျင်နီယာများ ပါဝင်တည်ဆောက်ကြကြောင်း။

တည်ဆောက်

ဝါးကတုတ် ရေကူရေလှောင်တမံတွင် ပင်မတမံအပြင် ကုန်းကြောတမံ ကိုးခု ပါဝင်တည်ဆောက်ထားကြောင်း၊ ပင်မတမံကြီး တည်ဆောက်ပြီးသည့်အတွက် ရေများစတင်လှောင်နေပြီဖြစ်ကြောင်း၊ ယခုနှစ် နွေစပါးစိုက်သည့်ကာလတွင် မိုးယွန်းကြီးအင်းထဲသို့ ရေရှိသလောက် ပံ့ပိုးဖြည့်ပေးနေကြောင်း၊ မိုးမကျမီ ကုန်းကြောတမံများပြီးအောင် တည်ဆောက်မည်ဖြစ်ကြောင်း၊ ဝါးကတုတ် ရေကူရေလှောင်တမံသည် ရန်ကုန်အရှေ့ပိုင်းရောက်အောင် ရေပေးရမည်ဖြစ်၍ ရေလှောင်ပမာဏကို အမြင့်ဆုံးရောက်အောင် သိုလှောင်သဖြင့် ကုန်းကြောတမံများ ပေါ်လာပြီး ရေအများဆုံး ထိအောင် သိုလှောင်၍ စိုက်ပျိုးရေး အထောက်

"ရန်ကုန်မြို့(အရှေ့ခြမ်း)မိုင်၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် နွေသီးနှံ စိုက်ပျိုးခြင်းကို အထောက်အကူဖြစ်စေ"

ဦးတင့်လွင် (လက်ထောက်ညွှန်ကြားရေးမှူး) တည်ဆောက်ရေး(၁)

အကူပြုမည်ဖြစ်ကြောင်းဖြင့် ရှင်းပြသည်။

စတင်ခဲ့

ဆက်လက်၍ ဝါးကတုတ် ရေကူရေလှောင်တမံ တည်ဆောက်ခြင်းနှင့်

တမံတည်ဆောက်ခြင်းနှင့် ရေပိုလွှဲတည်ဆောက်ခြင်း တာဝန်ယူဆောင်ရွက်ကြသော အမျိုးသမီး အင်ဂျင်နီယာများ(မြို့ပြ) ဒေါ်သဲနုဝေ၊ ဒေါ်စန်းသီတာနှင့် ဒေါ်နီလာထွန်းတို့သုံးဦး။ (မြန်မာ့အလင်း)

ရေထုတ်ပြွန်တည်ဆောက်ခြင်းလုပ်ငန်းကို တာဝန်ခံဆောင်ရွက်သော ဦးစီးဌာနမှူးဦးကြည်ဝေအား တွေ့ဆုံမေးမြန်းရာတွင် ဝါးကတုတ် ရေကူရေလှောင်တမံကို တည်ဆောက်ရာတွင် ပင်မတမံတစ်ခုနှင့် ကုန်းကြောတမံ ခုနစ်ခုပါဝင်ကြောင်း၊ ပင်မတမံအလျားမှာ ပေ ၆၄၀၀ ရှိပြီး အမြင့်မှာ ၈၆ ပေရှိကြောင်း၊ ၂၀၀၄ ခုနှစ် ဇန်နဝါရီလတွင် လုပ်ငန်းစတင်ခဲ့ကြောင်း၊ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် တောရှင်းခြင်းလုပ်ငန်း၊ သပ်ကျင်းတူးဖော်ခြင်းလုပ်ငန်းများ လုပ်ကြကြောင်း၊ သပ်ကျင်းတူးရာ၌ သဲလွှာကို တူးရခြင်းကြောင့် ချောင်းပိုင်း ပေ ၄၀၀မှာ သဲလွှာကြီးပေါ်တွင် တူးရသဖြင့် အချိန်ယူ ဆောင်ရွက်ခဲ့ရကြောင်း၊ သပ်ကျင်းတူးရာတွင် ပေ ၃၀ အထိ အနက်တူးရပြီး မြေပြိုမကျအောင် ဆောင်ရွက်ရသဖြင့် အချိန်ယူရကြောင်းဖြင့် ပြောကြားသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် အမျိုးသမီးအင်ဂျင်နီယာ ငါးဦးတို့ကို တွေ့ဆုံမေးမြန်းခဲ့ကြသည်။

ထမ်းဆောင်

ရှေးဦးစွာ တမံတည်ဆောက်ခြင်း၊ ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ကြသော အမျိုးသမီး အင်ဂျင်နီယာ(မြို့ပြ) ဒေါ်နီလာထွန်း၊ ဒေါ်စန်းသီတာနှင့် ဒေါ်သဲနုဝေတို့ သုံးဦးအား တွေ့ဆုံ မေးမြန်းရာ "မြို့၊ ရွာနှင့် ဝေးကွာသော တမံတည်ဆောက်ခြင်း၊ ရေပိုလွှဲ တည်ဆောက်ခြင်း လုပ်ငန်းလုပ်ရသည်ကို ပျော်ကြောင်း၊ တိုင်းပြည်အတွက် တာဝန်ကို အမျိုးသမီးများ အနေဖြင့် ထမ်းဆောင်ရသည့်အတွက် ကျေနပ်လည်း ကျေနပ်ပါတယ်၊ ဂုဏ်လည်းယူပါတယ်"ဟု ပြောကြသည်။

စက်မှုအင်ဂျင်နီယာများ ဖြစ်ကြသော ဒေါ်သန်းသန်းဆွေနှင့် ဒေါ်ခင်နှင်းယုတို့အား မေးမြန်းရာ "တမံတည်ဆောက်ရာတွင် အသုံးပြုသော စက်မှုလုပ်ငန်းများ၊ ကိရိယာများကို တာဝန်ယူဆောင်ရွက်ရကြောင်း၊ တမံတည်ဆောက်ရာတွင် စက်ယန္တရားများကို အားကိုးအားထား လုပ်နေကြရသည့်အလျောက် စက်ယန္တရားများ ကောင်းမွန်နေရန် အရေးကြီးသည့်အတွက် နေ့ရောညပါ အားသွန်ခွန်စိုက် ဆောင်ရွက်ပေးရသည်မှာဂုဏ်ယူပါကြောင်း" ဖြင့် မြန်မာ့အလင်းသို့ ပြောကြားလိုက်ကြသည်။ ။ **(မြန်မာ့အလင်း)**

သံကူကွန်ကရစ်အမျိုးအစား အကျယ်ပေ ၃၀ ရှိ ဝါးကတုတ် ရေကူရေလှောင်တမံ၏ ရေပိုလွှဲကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၇–၁–၂၀၀၈ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၆။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၀	၇။	အတီးပြိုင်ပွဲ
၈:၂၀	၈။	ကတိုက်ရေလှောင်တမံ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Say it in English

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅	၄။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂:၀၅	၅။	မြန်မာဗီဒီယိုဇာတ်လမ်း **ပျော်စရာကြီး** ဒွေး၊ သားညီ၊ ပြေတီဦး၊ မိုးပြည့်ပြည့်မောင်၊ သဇင် (ဒါရိုက်တာ–သီဟတင်သန်း)
၁၃:၃၅	၆။	ထွက်နှုန်းများ လွန်တိုးပွားလွန်ကျော်ခြ၏ ငွေချည်(၆)စွမ်းအား
၁၃:၅၀	၇။	အတီးပြိုင်ပွဲ
၁၄:၀၀	၈။	တေးဂီတအစီအစဉ်
၁၄:၁၅	၉။	**ရေမြင့်...ကြာတင့်** ခန့်စည်သူ၊ ဇော်၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ–ဖုန်းမြင့်အောင်)
၁၄:၃၀	၁၀။	ဟူးချောင်းတံတား
၁၄:၄၅	၁၁။	International News

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) [ရူပဗေဒ]
၁၆:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၁၀	၆။	တေးဂီတအစီအစဉ်
၁၇:၂၅	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀	၈။	ညနေခင်းသတင်း
၁၈:၂၀	၉။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၀။	**ဇင်ဇင်နှင့် ခြင်ကျား** ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့် (ဒါရိုက်တာ–စင်ရော်မောင်မောင်)
၁၈:၅၀	၁၁။	ဂြိုဟ်တုအသုံးပြု ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းနှင့် နိုင်ငံတကာ ကျင့်ထုံးများ
၁၉:၀၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့အားမာန်** (အပိုင်း–၈)
၂၀:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချိုမြိန်သောအချစ်နေ့** (အပိုင်း–၁၆)

ဩစတြေးလျအိုးပင်းတင်းနစ် မာရီယာရှာရာပိုဗာ အနိုင်ရဗိုလ်စွဲ

မဲလ်ဘုန်း ဇန်နဝါရီ ၂၆

ဩစတြေးလျ အိုးပင်းတင်းနစ် အမျိုးသမီးတစ်ဦးချင်း ဗိုလ်လုပွဲတွင် ရုရှားတင်းနစ်အားကစားမယ် မာရီယာရှာရာပိုဗာ **(အပေါ်ပုံ)** သည် ဆားဘီးယားတင်းနစ်မယ် အီဗာနိုဗစ်အား ၇–၅၊ ၆–၃ဖြင့် နိုင်ပြီး ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။

ဆွတ်ခူး

ရှာရာပိုဗာသည် ပြိုင်ပွဲတွင် အနိုင်ရရှိလိုက်၍ ၎င်း၏တင်းနစ်ကစားသမားဘဝသက်တမ်းတစ်လျှောက်တွင် တတိယမြောက် ဂရင်းဆလမ်ဖလားကြီး အဖြစ် ဆွတ်ခူးနိုင်ခဲ့သည်။

စိတ်ဓာတ်

ရှာရာပိုဗာသည် ပြီးခဲ့သည့်နှစ်က ဗိုလ်လုပွဲတွင် ဆီရီနာဝီလျံအားရှုံးနိမ့်ခဲ့ရသည်။ ယခုပြိုင်ပွဲအနိုင်ရခဲ့၍ ယခင်နှစ်က ရှုံးနိမ့်ခဲ့ရခြင်းအတွက် စိတ်ဓာတ်ကျမှုများ အဆုံးသတ်သွားစေခဲ့ကြောင်း ရှာရာပိုဗာက ပြိုင်ပွဲအပြီး ပြောကြားသည်။ **(အင်တာနက်)**

ပရီးမီးယားလိဂ်ပြိုင်ပွဲ

အက်စ်တွန်ဗီလာ ၁ – ၁ ဘလက်ဘန်း

(အင်တာနက်)

နိုင်ငံတစ်ဝန်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များ

စာအုပ်စာစောင်များ လေ့လာဖတ်ရှုရန် ဆောင်ရွက်ရေးဆွေးနွေး

မကွေး ဇန်နဝါရီ ၁၀

မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဝေလင်းသည် ဒီဇင်ဘာ ၂ ရက်က ဆိပ်ဖြူ မြို့နယ်ရုံး၌ ပခုက္ကူ ခရိုင်ရုံး ဦးစီးအရာရှိ ဦးတင်ဝင်း၊ မြို့နယ် ဦးစီးမှူးနှင့် မြို့နယ်ရုံးဝန်ထမ်းများအား တွေ့ဆုံပြီး ကျေးရွာ ပြည်သူများ စာအုပ်စာစောင်များ အမှန်တကယ်လေ့လာ ဖတ်ရှုနိုင်ရန် စီမံဆောင်ရွက်ကြရေးနှင့် အမျိုးသားညီလာခံမှ ချမှတ်ထားသည့် အခြေခံမူဝါဒများကို ဒေသခံ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးတို့ကို ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

စာပေမှခံစားနိုင်သော သဘောတရားနှင့် ဆောင်းပါးဆိုလိုရင်း ရသများ ခြုံငုံရှင်းလင်း

သာစည် ဇန်နဝါရီ ၂

သာစည်မြို့နယ် အပျောက်(၇) ကျေးရွာ မြတ်ရွှေအိုး စာကြည့်တိုက်တွင် ဒီဇင်ဘာ ၂၃ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ကျေးရွာ စာဖတ်ဝိုင်းကို ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် စာပေဖတ်ရှုခြင်းဖြင့် ရရှိခံစားနိုင်သည့် သဘောတရားများကို ရှင်းလင်းပြောကြားသည်။

ဖတ်ကြား

ထို့နောက် ဦးအေးလှိုင်ကဆောင်းပါးရှင် တောဘုန်းကြီးလေး၏ ဒို့ကျေးရွာဂျာနယ် ပါ သတိထားဆင်ခြင်ပါ ဆောင်းပါးကိုလည်းကောင်း၊ မမိုးမိုးထွေးက စာရေးဆရာချစ်နိုင် (စိတ်ပညာ)ရေးသားသည့် ယဉ်စမ်းပါစိတ်ကူး စာအုပ်မှ ပညာနှင့် စည်းကမ်းဆောင်းပါးကိုလည်းကောင်း ဖတ်ကြားကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ဖတ်ကြားသော ဆောင်းပါးများ၏ ရည်ရွယ်ချက် ဆောင်းပါးတွင် ပါရှိသည့် စာသားများ၏ ဆိုလိုရင်းရသများကို ခြုံငုံရှင်းလင်း ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်တံခါးမြို့နယ် တောင်ခင်ကျေးရွာအုပ်စု လေးအိမ်စု နွားရေချောင်း ကျေးရွာရှိ အောင်ထွန်းပ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၆ ရက်က ကျင်းပရာ အလှူရှင် ခင်တန်းကျောင်းတိုက် ဆရာတော် ဦးသြသဠ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် ပဲခူးတိုင်း (အရှေ့ ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတိုင်းလက်ထောက် ညွှန်ကြားရေးမှူး ဦးကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

တနင်္သာရီတိုင်း ပြန်/ဆက်ရုံး၌ စာပတ်ဝိုင်းဆွေးနွေး

မြိတ် ဇန်နဝါရီ ၁၅

တနင်္သာရီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ စာဖတ်ဝိုင်းကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းက အမှာစကားပြောကြားပြီး မြိတ်ခရိုင်ရုံးမှ ရုပ်သံကျွမ်းကျင်(၃) ဦးမြင့်ရွှေက ဇန်နဝါရီ ၈ ရက်ထုတ် ကြေးမုံသတင်းစာပါ ချစ်နိုင်(စိတ်ပညာ)ရေးသားသော ညီညွတ်သော အေးချမ်းသော ကျေးလက်စာပေခရီး ဆောင်းပါး၊ အငယ်တန်းစာရေးဒေါ်အေးအေးမော်က ဇန်နဝါရီ ၁ ရက်ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ ၅ အမှတ် ၁ ပါ ထိန်းသိမ်း ကာကွယ်ကြရမည် ဆောင်းပါးနှင့် ညွှန်ကြားရေးမှူးချုပ် မြိတ်မြို့သို့ လာရောက်ရှိစဉ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲများတွင် စာရေးဆရာချစ်နိုင်(စိတ်ပညာ)နှင့် သန်လျင် မောင်မောင်ဦးတို့၏ ဟောပြောချက်များကို သုံးသပ်ရေးသားထားသည့် စာကို ဝန်ထမ်းများက ဖတ်ကြားကြရာ တိုင်းလက်ထောက် ညွှန်ကြားရေးမှူး၊ ခရိုင်ဦးစီးအရာရှိနှင့် ဝန်ထမ်းများက သုံးသပ်ဆွေးနွေးကြသည်။ **(တိုင်း ပြန်/ဆက်)**

စဉ့်ကိုင်မြို့နယ် ပြန်/ဆက်ဦးစီးဌာနကြီးမှူး မိုးလူငယ်စာကြည့်တိုက်၌ စာဖတ်ဝိုင်းပွဲ ဆွေးနွေး

စဉ့်ကိုင် ဇန်နဝါရီ ၈

စဉ့်ကိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာဖတ်ဝိုင်းကို ဒီဇင်ဘာ ၂၃ရက်ကမိုးကောင်းကျေးရွာ မိုးလူငယ်စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် ဦးစီးမှူး ဒေါ်ဝေဝေဖြိုးက စာဖတ်ပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားပြီး ကျေးရွာဥက္ကဋ္ဌ ဦးဝင်းကြိုင်က လူငယ်နှင့် စပ်လျဉ်းသည့် အခြေခံရမည့် မူများကို လည်းကောင်း၊ ကျေးရွာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌက မျှော်လင့်လျက်ပါအန်တီစု(သို့မဟုတ်) သားရွှေအိုးထမ်းလာသည်ကို မြင်လိုပါသည် ဆောင်းပါးကိုလည်းကောင်း၊ စာကြည့်တိုက်မှူး ဦးဝင်းမော်က ဒို့ကျေးရွာဂျာနယ်အတွဲ(၃) အမှတ် (၁၈)ပါ ကျော်ဆင့်(ပျော်ဘွယ်)၏ ကျွန်တော်လေ့လာခဲ့သော ဂျပန်နိုင်ငံ၏ စာကြည့်တိုက်လုပ်ငန်း ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားကြသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဟောပြောဆွေးနွေး

မုံရွာ ဇန်နဝါရီ ၂

မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းဆွေသည် ဒီဇင်ဘာ၁၄ရက်က မုံရွာမြို့ ကုတောပလင်ကျေးရွာ လူငယ့်အားမာန် စာကြည့်တိုက်၌ ကျေးရွာရှိ စာကြည့်တိုက်ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံကာ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်များတိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူရေး၊ စာဖတ်သူများနှင့် စာအုပ်ငှားသူများ တိုးပွားရေးတို့ကို ဆွေးနွေးပြီး စာကြည့်တိုက် အဆောက်အအုံ ထပ်မံတိုးချဲ့ထားမှုနှင့် လှူဒါန်းရရှိသည့် ရုပ်မြင်သံကြားပြစက် အမြန်ဆုံးတပ်ဆင်နိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးသည်။ **(ခရိုင် ပြန်/ဆက်)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့ အလယ်ရပ်ကွက် ရန်ကင်းကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းစံဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းထွန်းနှင့် အလယ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းထွန်းရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေး ကြိုတင်ကာကွယ်ရေး အသိပညာပေး

ကန့်ဘလူ ဇန်နဝါရီ ၁၄

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်က ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးအောင်ကအမှာစကား ပြောကြားပြီး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးခင်မောင်တင့်က ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်တားဆီးရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ ဒုတိယဦးစီးမှူး ဦးအောင်သောင်းက ကြက်ငှက်တုပ်ကွေးရောဂါ ဇီဝလုံခြုံမှုအကြောင်း သိကောင်းစရာများ၊ ဒုတိယဦးစီးမှူး ဦးကျော်ဝင်းက ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်တားဆီးထိန်းချုပ်ရေး၊ ဇီဝလုံခြုံရေး၊ မွေးမြူသူများ၊ စားသုံးသူများ၊ ရောင်းဝယ်သူများ သိရှိလိုက်နာရန်၊ ရှောင်ကြဉ်ရန်တို့ကို ဆွေးနွေးဟောပြောသည်။ **(၀၅၆)**

လှိုင်ကော်မြို့ မြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေလျက်ရှိသော မိုင်းလုံးရေစက်ရုံတွင် မော်တာပန့် အသစ်တပ်ဆင်ခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၂၈ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစည်သူနှင့် အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးစောနိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်သန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အရေးပေါ်မီးဘေး ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်နည်းသရုပ်ပြ ပညာပေးဆွေးနွေး

နေပြည်တော်တပ်ကုန်း ဇန်နဝါရီ ၁၅

နေပြည်တော် တပ်ကုန်းတွင် ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်တပ်ကုန်း မီးသတ်ဦးစီးဌာနနှင့် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်း စက်သုံးဆိုင်ဆီအမှတ် (၀၃၇၃)တို့ညှိနှိုင်း စီစဉ်သည့် အရေးပေါ်မီးဘေး ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်နည်းသရုပ်ပြပွဲကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်တင့်နှင့်တပ်ဖွဲ့ဝင်များ၊ ဆိုင်မန်နေဂျာ ဦးမောင်မောင်မိုးနှင့်ဝန်ထမ်းများ၊ မီးသတ်ယာဉ်သုံးစီး၊ ပေါင်ဒါမှုန့် မီးသတ်ဆေးဘူး၊ ဆီဆေးမီးသတ်ဘူးများဖြင့် လက်တွေ့ မီးငြိမ်းသတ်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဆိုင်မန်နေဂျာနှင့်ဝန်ထမ်းများ အား မီးဘေးကာကွယ်ရေး ပညာပေးဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာ သုံးစွဲနည်းသင်တန်း ပခုက္ကူ၌ဖွင့်

ပခုက္ကူ ဇန်နဝါရီ ၁၄

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနသည် ပခုက္ကူခရိုင်တွင် အရေးပေါ်သုံး တိုင်းရင်းဆေး သေတ္တာ သုံးစွဲနည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက်နံနက်၉နာရီက ပခုက္ကူမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း သီတာခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးဖေ၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှလက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထိန်ကျော်နှင့် ခရိုင်တိုင်းရင်းဆေးမှူး ဦးလှကျော်တို့က အမှာစကားပြောကြားကြသည်။ သင်တန်းသို့ ပခုက္ကူ၊ ရေစကြိုနှင့်မြိုင်မြို့နယ်များမှ သင်တန်းသား ၄၅ ဦးတို့ တက်ရောက်ကြသည်။ **(၀၇၀)**

ကြက်မွေးမြူရေးနှင့် ဇီဝလုံခြုံရေးသင်တန်း ဟားခါး၌ ဖွင့်

ဟားခါး ဇန်နဝါရီ ၂၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ကြက်မွေးမြူထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေး ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မြင့်က သင်တန်းအဖွင့်အမှာစကားပြောကြားသည်။ **(ပြည်နယ် ပြန်/ဆက်)**

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ငွေကျပ် တစ်သိန်းကို ရန်ကင်း ဘောက်ထော် အဝေရာလမ်းနေ ဦးမောင်မောင်သန်း - ဒေါ်မြင့်မြင့် ဌေးမိသားစုက မွေးနေ့ကောင်းမှုအဖြစ် လှူဒါန်းရာ ရွှေပြည်ဟိန်း ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၁၁၇)

မြန်မာနိုင်ငံကြက်ခြေနီ သူနာပြုတပ်ဖွဲ့တပ်ဖွဲ့မှူးချုပ် ကချင်ပြည်နယ် သူနာပြုတပ်ဖွဲ့အရာရှိများနှင့် သင်တန်းသားများတွေ့ဆုံ

မြစ်ကြီးနား ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တပ်ဖွဲ့မှူးချုပ် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် ဇန်နဝါရီ ၁၁ရက် နံနက် ၈ နာရီက ကချင်ပြည်နယ် ကြက်ခြေနီရုံးသို့ ရောက်ရှိလာပြီး ကချင်ပြည်နယ် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ အရာရှိများ၊ ကျောင်းကြက်ခြေနီ(နည်းပြအဆင့်) သင်တန်းသူ၊ သင်တန်းသားများနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြား၍ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် နည်းပြသင်တန်းသူ၊ သင်တန်းသားများ၏ တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၀၀၃)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ် တင်လှူပူဇော်ရန်အတွက် အမှတ် (၁၆၀)၊ ၈ ရပ်ကွက်၊ ရေစက်လမ်း မရမ်းကုန်း မြို့နယ်နေ ဦးမြသိန်း-ဒေါ်အေးသန်းမိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးခင်မောင်အေး(အလှည့်ကျသဘာပတိ)နှင့် ဦးလှမင်းတို့က လက်ခံယူစဉ်။ (က-ပ)

မြောင်းမြ မြို့ အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေး စုံညီ ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်က အဆိုပါ ကျောင်းရှေ့ အားကစားကွင်း၌ ကျင်းပရာ မြောင်းမြခရိုင် ဥက္ကဋ္ဌ ဦးအေးဟန်၊ ခရိုင်ပညာရေးမှူး ဒေါ် ခင် ပြုံး ညို၊ ကျောင်းအုပ်ဆရာကြီး ဦးတင်အေးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ကျောက်တန်းမြို့ ပန်းတောစံပြကျေးရွာ အလက ကျောင်းသားဟောင်းများ အာစရိယပူဇော်

ကျောက်တန်း ဇန်နဝါရီ ၁၆

ကျောက်တန်းမြို့နယ် ပန်းတောစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ အသက်(၆၀)နှင့် အထက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၁၃ရက်က အဆိုပါကျောင်း၌ကျင်းပရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ၊ ရပ်မိရပ်ဖ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ပူဇော်

အခမ်းအနားတွင် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား လှူဖွယ်ပစ္စည်းများနှင့် ပူဇော်ကန်တော့ကြပြီး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းသားဟောင်းတစ်ဦးဖြစ်သူ ကျောက်တန်းမြို့ မင်းကျောင်းလမ်းနေ ဦးချစ်ရွှေက အလယ်တန်းကျောင်းတွင် လိုအပ်သည့် သန့်စင်ခန်း ဆောက်လုပ်ရန် ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးလှိုင်ခင်**(ဝဲပုံ)**နှင့် ကျောင်းအုပ် ဆရာမကြီး ဒေါ်မြရီတို့က လက်ခံယူသည်။ **(၁၁၅)**

တောင်သူဦးကြီးများ ရွက်စိမ်းစိုက်ပျိုးရေးဆေး ဝယ်ယူလေ့လာ

ရွှေတောင် ဇန်နဝါရီ ၅

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ရေးဟောင်းသမိုင်းဝင် ရွှေမျက်မှန်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ရှမ်းမောမြေ ကုမ္ပဏီမှ ဂျပန် နည်းပညာဖြင့် ထုတ်လုပ်ထားသော သဘာဝ (Organic) ရွက်စိမ်းစိုက်ပျိုးရေး ဆေးပစ္စည်းပြခန်းကို ဒီဇင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ပြသ ခဲ့ရာ တောင်သူဦးကြီးများနှင့် အခြားစိတ်ပါဝင်စားသူများ ဝယ်ယူလေ့လာခဲ့ကြကြောင်း သိရသည်။ **(၀၅၈)**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်

မိုင်းဖြတ် ဇန်နဝါရီ ၁၄

မိုင်းဖြတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီက မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပရာ မွေးကင်းစမှ (၂)နှစ်အထိ ကလေး ၃၅ ဦး လာရောက်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို မွန်းလွဲ ၁၂နာရီခွဲက ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိုးနီနီလွင်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ မြို့နယ်ဆရာဝန် ဒေါက်တာသန်းမြင့်က ဆုရွေးချယ်အမှတ်ပေးမှုနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် မွေးကင်းစမှ ခြောက်လအထိ ဆုရသူများကို ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စောဝေကလည်းကောင်း**(ဝဲပုံ)**၊ ခြောက်လမှ တစ်နှစ်အထိ ဆုရသူများကို မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မိုးနီနီလွင်က လည်းကောင်း၊ တစ်နှစ်မှ တစ်နှစ်ခွဲအထိ ဆုရသူများနှင့် တစ်နှစ်ခွဲမှ နှစ်နှစ်အထိ ဆုရသူများကို မြို့နယ်ဆရာဝန် ဒေါက်တာသန်းမြင့်နှင့် တာဝန်ရှိသူများကလည်းကောင်း ဆုများချီးမြှင့်ကြသည်။

(ခရိုင်ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေးအကြောင်း ပိုမိုသိရှိရန် ကာကွယ်ထိန်းချုပ်ရေးနှင့် လေ့လာရေးသင်တန်းဖွင့်

ကန့်ဘလူ ဇန်နဝါရီ ၁၇

ကြက်ငှက်တုပ်ကွေး ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေလေ့လာရေး သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၄ရက် နံနက် ၉နာရီက ကန့်ဘလူမြို့ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရုံးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဒေါက်တာ မောင်မောင်က ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ပြည်သူများ ပိုမိုသိရှိ နားလည်စေရန်၊ ရောဂါဖြစ်ပွားပါက ဆောလျင်စွာ သတင်းရရှိရန်နှင့် ရောဂါထိန်းချုပ်မှု လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် သင်တန်းဖွင့်လှစ်ပို့ချရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သင်တန်းဆက်လက်ပို့ချရာ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်း အခြေခံအကြောင်း တရားများ၊ ရောဂါလက္ခဏာနှင့် ရောဂါရှာဖွေမှုနည်းလမ်းများတို့ကို ခရိုင်ဦးစီးမှူး ဒေါက်တာမောင်မောင်နှင့်မြို့နယ်ဒုတိယ ဦးစီးမှူး ဒေါက်တာ ကျော်ဝင်းတို့က လက်တွေ့သရုပ်ပြပို့ချကြသည်။ **(၀၂၇)**

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သရက်တော (၃) လမ်း အမှတ် ၈၆ နေ ဦးပေါ-ဒေါ်မြရင်၊ ညီမ ဒေါ်ခင်ရွှေ၊ ဒေါ်စန်းမြင့်နှင့် သားသမီး၊ မြေးတစ်စု (နန်းတော်ဝင်မိသားစု)တို့က ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိ သာသနာ့နုဂ္ဂဟ ဆန်လှူ အသင်းကြီးသို့ ထာဝရ ဆွမ်းပဒေသာပင်အတွက် ဆဋ္ဌမ အကြိမ်မြောက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အကျိုးတော်ဆောင်ချုပ် ဦးအေးတို့က လက်ခံယူစဉ်။ (က-ပ)

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မီးဖိုချောင်သုံး သီးနှံပဲစိုက်ခင်းကို ဇန်နဝါရီ ၉ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

မိုးကောင်းမြို့ နဝဒေးလမ်း ကတ္တရာခင်း

မိုးကောင်း ဇန်နဝါရီ ၁၅

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ပွင့်လင်းရာသီတွင် မြို့တွင်းလမ်းများ ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၂ရက်က မိုးကောင်းမြို့နယ် မြို့မဈေးတောင်ဘက် နဝဒေးလမ်းမကြီး ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးယဉ်မင်းကျော်တို့ ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ (၄၁၆)

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး အိန္ဒိယနိုင်ငံတည်ထောင်သည့် နှစ်ပတ်လည်နေ့ အခမ်းအနား တက်ရောက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ အိန္ဒိယသမ္မတနိုင်ငံတည်ထောင်သည့် (၅၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး **H.E.Mr. Bhaskar Kumar Mitra** ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်းရှိ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး၏နေအိမ်၌ ကျင်းပသော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Bhaskar Kumar Mitra နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

တက်ရောက်

အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ၎င်းတို့၏ဇနီးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သတင်းနှင့် ဆောင်းပါးအညွှန်း

❒ မိဘစကား ပယ်ရှားခြင်း၏နောက်ဝယ်
နိုင်ငံတကာမှုခင်း စာ -၆

❒ ဂမ်ဘီယာသမ္မတနိုင်ငံ
တိုး၏ သတင်းအက်ဆေး စာ -၇

❒ သူတို့ ဤသို့ ဖွင့်ဟပြောကြားကြသည်
မောင်မောင်မြင့်ဆွေနှင့် မြင့်မောင်စိုးတို့၏ တွေ့ဆုံမေးမြန်းချက် စာ-၁၁

ရန်ကုန်မြို့အရှေ့ခြမ်း မိုင် ၃၀ ပတ်ဝန်းကျင် အမြဲစိမ်းလန်းစိုပြည်ရေး ဝါးကတုတ် ရေကူရေလှောင်တမံ တည်ဆောက်ဖွင့်လှစ်

ရေပိုလျှံလုပ်ငန်း အမျိုးသမီးအင်ဂျင်နီယာများတည်ဆောက်ခဲ့

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်မြို့ မိုင် ၃၀ ပတ်ဝန်းကျင်ကို တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် စီမံကိန်းရေးဆွဲ၍ ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနသည် ရန်ကုန်မြို့(အရှေ့ခြမ်း) မိုင်၃၀ပတ်ဝန်းကျင် အမြဲစိမ်းလန်းစိုပြည်ရေးအတွက် ဝါးကတုတ်ရေကူရေလှောင်တမံကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပေပြီ။ *စာမျက်နှာ ၁၃ ကော်လံ ၁* ●

ကွင်းဆင်းမေးမြန်းရေးသားသူ
ကျော်စိန်

ဓာတ်ပုံမှတ်တမ်း
အောင်သန်း(မင်္ဂလာတောင်ညွန့်)

ပဲခူးတိုင်း ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာအနီး တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ဝါးကတုတ် ရေကူရေလှောင်တမံနှင့် ရေထိန်းမျှော်စင်တို့ကို ဤသို့ တွေ့ရသည်။